# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၆၀)၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ ၂၈-၁-၂၀၂၆၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး(၁/၂၀၂၆) ကျင်းပ



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၁/၂၀၂၆) တွင် အမှာစကား ပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၁/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက video conference စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၅) မှတ်တမ်းကို အတည်ပြုခြင်းဆောင်ရွက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပြည်သူလူထု၏ ဆန္ဒနှင့်အညီ လျှောက်လှမ်းနိုင်ရေး ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ထွက်ပေါ်လာမည့် အစိုးရအသစ်ကို နိုင်ငံ့တာဝန်များ လွှဲပြောင်းပေးအပ်ပြီး ၎င်းတို့၏ တာဝန်များကို အကောင်းဆုံးဖြစ်အောင် ထမ်းဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊နိုင်ငံတော်အကြီးအကဲအနေဖြင့် မန္တလေးတိုင်းဒေသကြီး ခရီးစဉ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)၌ ပါဝင်ဆန္ဒမဲပေးနေကြသည့် မဲဆန္ဒရှင်ပြည်သူများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း၊ ထိုသို့ကြည့်ရှုအားပေးရာတွင် ပြည်သူလူထုမှ လွတ်လပ်စွာ မိမိတို့သဘောဆန္ဒများအလျောက် စည်းကမ်းရှိပြီး နိုင်ငံကြီးသားပီသစွာ လိုလိုလားလားဖြင့် လာရောက်ဆန္ဒမဲပေးကြသည်ကို တွေ့ရမြင်ရကြောင်း၊

စာမျက်နှာ ၃ သို့ ❑

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၂၇

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

## မြန်မာ့မီးရထားအနေဖြင့် ရထားလက်မှတ်ဝယ်ယူရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် Online မှ ဝယ်ယူ၍ ငွေပေးချေခြင်းစနစ်ဖြင့် ရှေ့ပြေးစမ်းသပ်မှုစတင်

နေပြည်တော် ဇန်နဝါရီ ၂၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ရထားလက်မှတ်ဝယ်ယူရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် ရထားလက်မှတ်များကို Online မှ ဝယ်ယူ၍ ငွေပေးချေခြင်းစနစ် (Online Railways Ticketing and Payment System–ORTP) ကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပြင်ဆင်ပေးလျက်ရှိသည်။

စာမျက်နှာ ၆ သို့ ❖



၂၀၂၆ ခုနှစ် ၊ ဇန်နဝါရီ ၂၈ ရက် ၊ ဗုဒ္ဓဟူးနေ့ ။

မန္တလေး

## ဆေးသုတေသနလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိ

ကျန်းမာရေးဝန်ကြီးဌာန၏ အဓိကရည်မှန်းချက်များကို အကောင်အထည်ဖော်ရာ၌ အရေးပါသည့် မဏ္ဍိုင်လုပ်ငန်းကြီး တစ်ရပ်ဖြစ်သည့် ဆေးသုတေသနကဏ္ဍအတွက် ကျန်းမာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို နှစ်စဉ်ကြီးမှူး ကျင်းပပေးခဲ့သည်မှာ ယခုနှစ်တွင်(၅၄)ကြိမ်တိုင်ခဲ့ပြီဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် သုတေသနလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရေးအတွက် သုတေသနရန်ပုံငွေများကို နှစ်စဉ်တိုးမြှင့်ချထားပေးလျက်ရှိရာမှ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် သုတေသနစီမံချက် ၁၅၀ အတွက် သုတေသနရန်ပုံငွေ ကျပ်သန်းပေါင်း ၁၅၀၀ ခွင့်ပြုချထားပေးခဲ့ကြောင်း၊ ယခုနှစ် ညီလာခံတွင် ယခင်နှစ်များက ကျန်းမာရေးဝန်ကြီးဌာန သုတေသနရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် သုတေသနလုပ်ငန်း တွေ့ရှိချက်များကို သုတေသနစာတမ်း၊ ပိုစတာများအဖြစ် တင်သွင်းပြသကြခြင်းကို တွေ့ရှိရသဖြင့် ဝမ်းမြောက်မိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ နီးနွယ်ဝန်ကြီးဌာနများရှိ သုတေသီပညာရှင်များသည် သုတေသနစာတမ်း ၇၁ စောင်၊ သုတေသနပိုစတာ ၄၅ စောင်တို့ဖြင့် ပညာရပ်ဆိုင်ရာ ကဏ္ဍစုံမှ တင်သွင်းဖတ်ကြား ပြသကြမည်ဖြစ်ကြောင်းနှင့် ညီလာခံရက်များအတွင်း ပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲလေးခုနှင့် ပညာရပ်ဆိုင်ရာ ဟောပြောပွဲနှစ်ခုတို့တွင် ပြည်တွင်းပြည်ပမှ သုတေသီပညာရှင်များ ပါဝင်ဆွေးနွေးကြမည်ဟု သိရှိရကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန အမှတ်(၅)၌ကျင်းပသည့် (၅၄)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဖွင့်ပွဲ အခမ်းအနား၌ ပြောကြားခဲ့သည်။

ညီလာခံ၏ အဓိကဆောင်ပုဒ် (Congress Theme)ဖြစ်သည့် ဆေးသုတေသန ဆောင်ရွက်မှုများမှသည် ပြည်သူလူထု၏ ကျန်းမာရေး ပိုမိုကောင်းမွန်စေရေး- Better Health through Medical Research ကို ပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲတစ်ခုအဖြစ် ထည့်သွင်းကျင်းပခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံမှ သုတေသီများ၏ Myanmar-Korea Joint Symposium (2026)ပါဝင်ပြီး မျိုးဗီဇဆိုင်ရာ သုတေသနနီးနှောဖလှယ်ပွဲ - Symposium on Genomic Research တွင် ဂျပန်နိုင်ငံ၊ ကိုရီးယား သမ္မတနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ သုတေသီပညာရှင်များနှင့် ပြည်တွင်းပညာရှင်များ ပူးပေါင်း၍ Hybrid အသွင်မျှဝေ ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ပညာသင်ကြားရေးဆရာ၊ ဆရာမများ၏ အရည်အသွေးနှင့် သင်ကြားရေးစနစ်များ တိုးတက်ပြောင်းလဲခြင်းများကို ဆွေးနွေးတင်ပြမည့် နီးနှောဖလှယ်ပွဲ Who Are We? Transforming the Health Professional Educators for 21st Century စသည်တို့ စုံလင်စွာပါဝင်မည်ဟု သိရှိရ၍ ကျေနပ်အားရမိကြောင်း၊ မြန်မာ့ဆေးပညာလောကအတွက် အစဉ်အလာကြီးမားသည့် ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံတွင် သုတေသနပညာရှင်များ၊ သုတေသနရလဒ်များနှင့် သုံးသပ်ချက်များ၊ ဆေးပညာရှင်များ၊ စီမံခန့်ခွဲသူများ၏ အတွေ့အကြုံနှင့် အသိပညာမျှဝေမှုများ၊ အကြံပြုချက်များသည် မူဝါဒ၊ စီမံခန့်ခွဲမှု၊ လုပ်ငန်းဆောင်ရွက်မှုနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများအတွက် များစွာအရေးကြီးကြောင်း၊ ကျန်းမာရေးအသိပညာဖလှယ်မှု (Knowledge sharing)ပိုမိုနိုင်မာ ကျယ်ပြန့်လာစေရန် သုတေသနစာတမ်းရှင်များသည် ညီလာခံသို့ စာတမ်းတင်သွင်းရုံမျှမကဘဲ ပြည်တွင်းပြည်ပ သုတေသနဂျာနယ်များတွင် သုတေသနတွေ့ရှိချက်များကို ဖော်ပြနိုင်ရေးအတွက် ပုံနှိပ်ထုတ်ဝေနိုင်သည်အထိ ဆက်လက်ဆောင်ရွက်ကြရန် လိုအပ်ကြောင်းပြောကြားသည်။

ဆေးသုတေသနလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရေး ဆောင်ရွက်ရာတွင် ရရှိလာသည့် ခိုင်မာတိကျသော ရလဒ်များ၊ အခြေပြုသုတေသနတွေ့ရှိချက် (Evidence-based research finding) များကို အသုံးပြုပြီး ရောဂါရှာဖွေရေးနည်းစနစ်များ၊ ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ပိုမိုထိရောက် ကောင်းမွန်စေမှာဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။
၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။
၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။
၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။
၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## မဟာအောင်မြေမြို့နယ်၊ လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြို အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၇**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မဟာအောင်မြေမြို့နယ် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက ကျောင်းသား၊ ကျောင်းသူလေးများအနေဖြင့် စာပေကိုအလေးထား လေ့လာဖတ်ရှုပြီး မှတ်သားထားသင့်ကြောင်း၊ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့နှင့် အခြားနေ့ထူးနေ့မြတ်များကို မှတ်သားထား၍ မိမိနိုင်ငံကို ချစ်မြတ်နိုးပြီးတန်ဖိုးထားတတ်သော လူငယ်လူရွယ်များဖြစ်လာစေရန် ကြိုးစားအားထုတ်သင့်ကြောင်း စသည်များ ဟောပြောဆွေးနွေးပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူလေးများကလည်း သိလိုမှုများ မေးမြန်းခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိနှင့်ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အောင်ဇော်မင်း**

၀-၀-၀-၀-၀

## ကျောက်ဆည်မြို့နယ်၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရသည့်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် ဇန်နဝါရီ ၂၇**

နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ငွေများအပြည့်အဝကောက်ခံရရှိရေး၊ အခွန်ထမ်းပြည်သူများမှ အခွန်ကိုလိုလားကြည်ဖြူစွာထမ်းဆောင်လာစေရေးအတွက် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် မြို့နယ်အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်ဦးဆောင်၍ အဖွဲ့ဝင်များနှင့်အတူ ယမန်နေ့ မွန်းလွဲ ၃နာရီက မြို့နယ်အတွင်းရှိ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရသည့် လုပ်ငန်းများ၌ "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ"ဟူသော ကြေညာချက်ဗီနိုင်းချိတ်ဆွဲထားရှိမှုနှင့် လုပ်ငန်းရှင်များက အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချခြင်းကို လိုက်နာမှုရှိ၊ မရှိ ကွင်းဆင်းစစ် ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ၌ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်အေးအေးသင်းက လုပ်ငန်းရှင်များနှင့်တာဝန်ရှိသူများအား အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် ပျက်ကွက်ပါက ပေးဆောင်ရမည့်ဒဏ်ကြေးငွေများနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

(၄၈၅)

၀-၀-၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ လမ်း၆၀၊ ပြည်ကြီးမျက်မှန်ရပ်ကွက်နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ ၁၁၈ လမ်း၊ ၇၂ လမ်းနှင့် ၇၃ လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။



သက်သာဈေးရောင်းချမည့် အစီအစဉ်များကို ဇန်နဝါရီ ၂၈ ရက်တွင် မဟာအောင်မြေမြို့နယ်၊ တက္ကသိုလ်ရပ်ကွက်၊ ၇၃ လမ်း၊ လမ်း ၄၀နှင့် ၄၁လမ်းထောင့်နှင့် အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးရုံး၊ ကမ်းနားလမ်းတို့တွင်လည်းကောင်း၊ ဇန်နဝါရီ ၂၉ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ ၁၁၁လမ်းနှင့် ၆၄လမ်းထောင့်၊ မြို့သစ်(၄)ရပ်ကွက်၊ ဓမ္မာရုံရှေ့တွင်လည်းကောင်း၊ ဇန်နဝါရီ ၃၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၁၂၁လမ်း၊ ၅၂ လမ်းနှင့် ၅၃လမ်းကြားတို့တွင် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာနဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဓဲပုံ)

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# စစ်ဘက်မှုလတာဝန် ပြန်လည်ထမ်းဆောင်စေခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၃ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်
( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် )

**စစ်ဘက်မှုလတာဝန် ပြန်လည်ထမ်းဆောင်စေခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် အား စစ်ဘက်မှုလတာဝန်များပြန်လည်ထမ်းဆောင်စေလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

# ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၄ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်
( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် )

**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် အား ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

❑ *ရှေ့ဖုံးမှ*

ထိုသို့ဆောင်ရွက်မှုများမှာ ပြည်သူလူထုမှ အစိုးရအပေါ် လိုလားလက်ခံသည့် အပြုအမူများဖြစ်သည့်အတွက် အစိုးရအဖွဲ့အနေဖြင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်းဆုံးဖြစ်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်သည်ကို တွေ့ရှိရ**

နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့များကလည်း ယခုရွေးကောက်ပွဲတွင် ပြည်သူလူထုအနေဖြင့် ၎င်းတို့၏ မဲပေးပိုင်ခွင့်ကို အနှောင့်အယှက် တစ်စုံတစ်ရာမရှိဘဲ မဲပေးခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ မဲရုံဝန်ထမ်းများအနေဖြင့် သတ်မှတ်ထားသည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မဲပေးခြင်း၊ မဲရေတွက်ခြင်းတို့ကို ပြုလုပ်နိုင်ခဲ့သည့်အတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုလုံး သမာသမတ်ကျစွာနှင့် ပွင့်လင်းမြင်သာမှုရှိစွာ ဖော်ဆောင်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မြန်မာအီလက်ထရောနစ် မဲပေးစက်များကို အသုံးပြုခဲ့သည့်အတွက် မဲပေးခြင်း၊ မဲရေတွက်ခြင်းလုပ်ငန်းစဉ်များကို ပိုမိုလျင်မြန်စေပြီး ပြည့်စုံမှန်ကန်သည့်ရလဒ်များ ဖြစ်ပေါ်စေခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြည့်စုံကောင်းမွန်သည့် လုံခြုံရေးဆောင်ရွက်ထားမှုများကြောင့် မဲဆန္ဒရှင်များ၊ မဲရုံတာဝန်ထမ်းဆောင်သူများနှင့် အခြားသက်ဆိုင်သူများအားလုံး လုံခြုံစိတ်ချစွာဖြင့် လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည်ဟု သဘောထားမှတ်ချက်များ ပြုခဲ့ကြသည်ကို တွေ့ရှိရသဖြင့် လွတ်လပ်၍တရားမျှတသော ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်သည်ကို တွေ့ရှိရကြောင်း။

မိမိတို့နိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလျော့ပါးချုပ်ငြိမ်းရေး ကြိုးပမ်းဆောင်ရွက်ရာတွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား NCA သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်မှုအတွက် ယနေ့အချိန်အထိ အရေးပါနေဆဲဖြစ်သည့်အတွက် NCA သဘောတူညီချက်များကို လက်တွေ့အသုံးချ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင်လည်း လူငယ်များပါဝင်မှုကို မြှင့်တင်ပေးကြရမည်ဖြစ်ကြောင်း။

**ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြရမည်**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာဖြင့် ထိတွေ့ဆက်ဆံပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်သည့်အတွက် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်အတွင်း ကောင်းမွန်သည့် ရလဒ်များနှင့် တိုးတက်အောင်မြင်မှုအခြေအနေများကို နိုင်ငံတကာမှသိရှိအောင် ထုတ်ဖော်ပြသနိုင်ခဲ့ကြောင်းနှင့် တာဝန်ရှိသူများကလည်း မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများနှင့် ဒုစရိုက်လုပ်ငန်းများ ထပ်မံမပေါ်ပေါက်လာစေရေးတို့အတွက် အမြစ်ဖြတ် နှိမ်နင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်း သတင်းမီဒီယာများမှ သတင်းထုတ်ပြန်ခြင်း၊ ရန်ကုန်မြို့အခြေစိုက်သံတမန်နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို သတင်းစာရှင်းလင်းပွဲများကျင်းပ၍ ရှင်းလင်းပြောကြားမှုများ ပြုလုပ်ပေးနိုင်ခဲ့ကြောင်းနှင့် နယ်စပ်ဖြတ်ကျော်ဒုစရိုက်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အမြစ်ပြတ်သည်အထိ ဆက်လက်ဖော်ထုတ်၍ ထိရောက်သည့် ပြစ်ဒဏ်များကိုလည်း ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ထိရောက်စွာ တားဆီးကြပ်မတ်ဆောင်ရွက်**

တရားမဝင်ကုန်သွယ်မှုများနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုများသည် နိုင်ငံတော်လုံခြုံရေး (National Security) ကို ခြိမ်းခြောက်နိုင်သည့်အတွက် ၎င်းကိစ္စရပ်များကို ထိရောက်စွာ တိုက်ဖျက်ခြင်းအားဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပြည်သူလူထု အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အမြစ်ပြတ်သည်အထိ ထိရောက်စွာ တားဆီးကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

**"နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်"** ဆိုသည့် ပြဋ္ဌာန်းချက်နှင့်အညီ အနာဂတ်စီးပွားရေးဝန်းကျင်တွင် ပုဂ္ဂလိကအခန်းကဏ္ဍသည် ပိုမိုအရေးပါလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့်လည်း နိုင်ငံ၏အခြေခံ အချက်အလက်များအပေါ် မူတည်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည်များကို ဆွေးနွေးအဖြေရှာ ဖော်ထုတ်ပေးကြရန် တိုက်တွန်းပြောကြားထားပြီးဖြစ်၍ အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ယခုထက် ပိုမိုအောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုထက်ပိုမို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးစလုံး ပြည့်စုံအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝါးကိုအခြေခံသည့် တန်ဖိုးမြှင့်ပစ္စည်းများ၊ ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုကို အထောက်အကူပြုစေမည့် ဆီထွက်သီးနှံဖြစ်သည့် နေကြာကိုလည်း ပိုမိုတိုးမြှင့်စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ စားရေးကို အထောက်အကူပြုစေသည့် အသားစားကြက်၊ ဥစားကြက်၊ ဘဲ၊ ငါး၊ ဝက်နှင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့မွေးမြူသွားရန်လိုအပ်ကြောင်းနှင့် နွားမွေးမြူရေးကို မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဇီဝမြေသြဇာများကို ရရှိနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ အခြေခံပညာအလယ်တန်းအဆင့်(KG+9)ကို မသင်မနေရ အဆင့်သတ်မှတ်ပြီး ပညာရေးအဆင့်မြှင့်တင်နေပြီဖြစ်ကြောင်း၊ အခြေခံပညာအထက်တန်းအဆင့်တွင် အသက်မွေးဝမ်းကျောင်းနှင့်ပတ်သက်သည့် ပညာရပ်သင်ကြားပေးရုံသာမက အလယ်တန်းအဆင့်၌လည်း စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအခြေခံ ဗဟုသုတများ သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ မကြာမီကာလအတွင်း အခြေခံပညာကျောင်းများ၌ အတန်းတင်စာမေးပွဲများ ကျင်းပတော့မည်ဖြစ်သည့်အတွက် အောင်မြင်စွာ ဖြေဆိုနိုင်ရေး ဆရာ၊ ဆရာမများနှင့် မိဘများ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများအား တိုက်တွန်းအားပေး ဆောင်ရွက်ပေးကြစေလိုကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် အခြေခံပညာရေးဥပဒေနှင့် အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ပညာရေးများမှ သင်ရိုးညွှန်းတမ်းများသည် အဆင့်မြင့်ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေးစသည့် ပညာရပ်များကို ဆက်လက်သင်ယူနိုင်ရန်အတွက် မြန်မာစာ၊ အင်္ဂလိပ်စာကဲ့သို့သော သင်ကြားသင်ယူမှု ဘာသာစကားများကို မဖြစ်မနေ သင်ကြားပေးမှုသာ အခြေခံကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် အထောက်အကူပြုရမည်ဖြစ်ကြောင်း။

**လိုက်နာအကောင်အထည်ဖော်ကြရန်လိုအပ်**

ကျန်းမာရေးကဏ္ဍနှင့်စပ်လျဉ်း၍ (၅၄)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားတွင်လည်း နိုင်ငံတော်အကြီးအကဲက "မိမိတို့ ပြည်သူများ အခြေခံကျန်းမာရေးကောင်းမွန်ပြီး သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရန်အတွက် အာဟာရဆိုင်ရာ သုတေသနများ၊ အစားအသောက် ဘေးကင်းလုံခြုံမှုဆိုင်ရာ သုတေသနများ၊ ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်ပြုမူရေးနှင့် ပတ်သက်သည့် လက်တွေ့အသုံးချ ကျန်းမာရေးသုတေသနများကို တိုးမြှင့်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အဆိုပါ သုတေသနတွေ့ရှိချက်များကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်မှု ပညာပေးလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း"ကို လမ်းညွှန်မှာကြားခဲ့သဖြင့် လိုက်နာအကောင်အထည်ဖော်ကြရန် လိုအပ်ကြောင်း။

**တက်ညီလက်ညီ ဝိုင်းဝန်းလက်တွဲဆောင်ရွက်**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် လုပ်ငန်းစီမံကိန်းများအတွက် ဘဏ္ဍာငွေများကို စနစ်တကျ လျာထားတွက်ချက်ရန် လိုအပ်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့်လည်း မိမိတို့ တာဝန်ယူဆောင်ရွက်ရသည့် ကဏ္ဍအလိုက် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အသုံးစရိတ်များကိုလည်း ဘဏ္ဍာရေးစည်းမျဉ်း၊ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေအလွင့်မရှိအောင် သုံးစွဲကြရန် လိုအပ်ကြောင်းနှင့် နိုင်ငံတော်တစ်ဝန်း တည်ငြိမ်အေးချမ်းသာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး၊ ပတ်ဝန်းကျင်သာယာလှပရေးနှင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ ယဉ်ကျေးမှု ထူထောင်နိုင်ရေးတို့ကို ပြည်သူလူထုနှင့် ပူးပေါင်း၍ တက်ညီလက်ညီ ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက အမှာစာများအား ရှင်းလင်းဖတ်ကြားကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုဝန်ကြီးများ၏ တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ၂၇ · ၁ · ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာ နှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၆၀၀၀၀၀၀)ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**စည်းလုံးခြင်းသည် အင်အား၊ ညီညွတ်ခြင်းသည် စွမ်းအား ငြိမ်းချမ်းခြင်းသည် အလှတရား**

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၅)၊ တပ်မတော်(ရေ)အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၉)နှင့် တပ်မတော်(ရေ)အမျိုးသမီးအရာရှိငယ်သင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပပြုလုပ်

နေပြည်တော် ဇန်နဝါရီ ၂၇

တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၅)၊ တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်းအမှတ်စဉ်(၅၉)နှင့် တပ်မတော်(ရေ) အမျိုးသမီးအရာရှိငယ်သင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ကိုထိုက်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေး၊ ရန်ကုန်တိုင်း



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၅)၊ တပ်မတော်(ရေ)အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၉)နှင့် တပ်မတော်(ရေ)အမျိုးသမီးအရာရှိငယ်သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး) သင်တန်းအမှတ်စဉ်(၈၅) မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၇၉၀ ဗိုလ် မင်းသွေးခန့် အား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး) သင်တန်းအမှတ်စဉ်(၈၅) မှ ရေကြောင်းပညာစာပေထူးချွန်ဆုရ ရေ ၅၇၈၀ ဗိုလ် ဇော်ဖြိုးအောင် အား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တပ်မတော်(ရေ)အမျိုးသမီးအရာရှိငယ် သင်တန်းအမှတ်စဉ်(၁၀)မှ ရေကြောင်းပညာ စာပေထူးချွန်ဆုရ ရေ ၅၈၁၇ ဗိုလ် ဒေါ်ချစ်မေဇင် အား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။

စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများ၊ နည်းပြအရာရှိများ၊ ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

### နိုင်ငံတော်အလံအား အလေးပြု

ဦးစွာ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက စစ်ရေးပြကွင်းအတွင်း ချီတက်နေရာယူကြပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။

### ဂုဏ်ပြုတပ်ခွဲများကိုစစ်ဆေး

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း ရောက်ရှိလာပြီး ကျောင်းဆင်းတပ်ခွဲနှင့်ဂုဏ်ပြုတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူ၍ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက ကာကွယ်ရေးဦးစီးချုပ်(ရေ)အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ဆက်လက်ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး) သင်တန်းအမှတ်စဉ်(၈၅)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၇၉၀ ဗိုလ်မင်းသွေးခန့်နှင့် ရေကြောင်းပညာစာပေထူးချွန်ဆုရ ရေ ၅၇၈၀ ဗိုလ်ဇော်ဖြိုးအောင်တို့အားလည်းကောင်း၊ တပ်မတော်(ရေ)အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်းအမှတ်စဉ်(၅၉)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၈၀၇ ဗိုလ်ကောင်းထက်ဝေနှင့် ရေကြောင်းအင်ဂျင်နီယာ ပညာစာပေထူးချွန်ဆုရ ရေ ၅၈၁၀ ဗိုလ် သူရိန်မြင့်အောင်တို့အားလည်းကောင်း၊ တပ်မတော်(ရေ)အမျိုးသမီးအရာရှိငယ်သင်တန်းအမှတ်စဉ်(၁၀)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၈၁၆ ဗိုလ် ဒေါ်လပြည့်ဝင်းနှင့် ရေကြောင်းပညာစာပေထူးချွန်ဆုရ ရေ ၅၈၁၇ ဗိုလ် ဒေါ်ချစ်မေဇင်တို့အားလည်းကောင်း ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

### ပူးတွဲတာဝန်ထမ်းဆောင်ကြရမည်

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်းက သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် ရေတပ်လေ့ကျင့်ရေးဌာနချုပ်အနေဖြင့် တပ်မတော်(ရေ)အတွက်သာမက နိုင်ငံတော်နှင့်တပ်မတော်အတွက် အားသစ်လောင်းမည့် မျိုးဆက်သစ်အရာရှိငယ်များကို အောင်မြင်စွာ လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့သည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ သင်တန်းကာလအတွင်း စာတွေ့သင်ကြားခဲ့သည့်အပြင် ရေယာဉ်အခြေပြု လက်တွေ့လေ့ကျင့်မှု (Afloat Training)များကို စစ်ရေယာဉ်များတွင် တွဲဖက်လေ့ကျင့်သင်ကြားခြင်းများ၊ ပြည်ပနိုင်ငံများသို့ သွားရောက်သည့် စစ်ရေယာဉ်များနှင့် ပင်လယ်ပြင်ရေကြောင်းဆိုင်ရာ လေ့ကျင့်ခန်းများ ဆောင်ရွက်ရာတွင် လိုက်ပါစေ၍ ပင်လယ်ပြင် လက်တွေ့လေ့ကျင့်မှုများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ပင်လယ်ပြင်စစ်ဆင်ရေး၊ မြစ်တွင်းစစ်ဆင်ရေးနှင့် သယ်ယူပို့ဆောင်ရေးတာဝန်များကိုပါ ပူးတွဲတာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ရေတပ်စစ်နည်းဗျူဟာများကို အခြေခံကျကျ သိရှိတတ်မြောက်မှသာလျှင် အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် အခြေခံရေတပ်စစ်နည်းဗျူဟာသင်တန်းကို ဖွင့်လှစ်သင်ကြားခဲ့ကြောင်း၊ ယခုသင်ကြားပေးလိုက်သည့် ရေတပ်ပညာရပ်များသည် ရေတပ်အရာရှိဘဝကို စတင်ရန်အတွက် အခြေခံမျှသာရှိသေးသဖြင့် Long Life Learning ဆိုသည့်အတိုင်း ရေတပ်အရာရှိဘဝတစ်လျှောက်လုံး လေ့လာသင်ယူသွားကြရန် အထူးလိုအပ်ကြောင်း။

### ကိုယ်တိုင်ကြိုးစားလုပ်ဆောင်သွားကြရမည်

ခေါင်းဆောင်မှုဆိုသည်မှာ မွေးရာပါအရည်အချင်းမဟုတ်ဘဲ ကိုယ်တိုင်လေ့လာ၊ ကျင့်ကြံ၊ ကြိုးစားအားထုတ်ပြီး ရယူရခြင်းဖြစ်သည့်အတွက် တပ်မတော်တွင် ပြဋ္ဌာန်းထားသည့် ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ရပ်နှင့် ပြည့်စုံရန် ကိုယ်တိုင်ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ တပ်မတော်(ရေ)ရှိ အင်ဂျင်နီယာအရာရှိ၊ စစ်သည်များ၏ အရည်အချင်းပြည့်ဝမှုနှင့် ကြိုးပမ်းလုပ်ဆောင်မှုများကြောင့် တန်ချိန်ပေါင်း ၃၅၀၀ ရှိသည့် ဖရီဂိတ်အမျိုးအစား စစ်ရေယာဉ်ကြီးအပါအဝင် အခြားစစ်ရေယာဉ်အမျိုးအစားစုံတို့ကို အောင်မြင်စွာတည်ဆောက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တပ်မတော်အတွက် လိုအပ်သည့် ရေယာဉ်အမျိုးအစားများကိုလည်း ဆက်လက်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ တပ်မတော်(ရေ) အမျိုးသမီးအရာရှိ၊ စစ်သည်များကို လှိုင်းလေကြမ်းတမ်းသည့် ပင်လယ်ပြင်တွင် အမျိုးသားအရာရှိ၊ စစ်သည်များနည်းတူ စိတ်ဓာတ်ပိုင်းနှင့် ကိုယ်ခန္ဓာပိုင်း ကြံ့ခိုင်မှုရှိအောင် လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ရေကူးနှင့် လှေလှော်ရွက်တိုက်တို့ကို ကျွမ်းကျင်မှုရှိစေရေး လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း။

*စာမျက်နှာ ၅ သို့*

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ်အား ဂါရဝပြုတွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၂၇

ပါကစ္စတန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာမိုဟာမက် အီရှပ်ဒါး၏ ဖိတ်ကြားချက်အရ ပါကစ္စတန်နိုင်ငံ၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ဝန်ကြီးချုပ်ရုံး၌ ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မိုဟာမက်ရှီဘက်ရှာရစ်ဖ် အား ဂါရဝပြုတွေ့ဆုံနှုတ်ဆက်သည်။

**ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်**

ယင်းသို့တွေ့ဆုံစဉ် မြန်မာ-ပါကစ္စတန် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုကဏ္ဍတို့အပါအဝင် နှစ်နိုင်ငံအပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာစာမျက်နှာများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ဦးစီးဌာန ဖွဲ့စည်းတည်ထောင်ခြင်း (၂၂)ကြိမ်မြောက် အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ဦးစီးဌာနဖွဲ့စည်းတည်ထောင်ခြင်း (၂၂)ကြိမ်မြောက် အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိစိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အငြိမ်းစား သုတေသီပညာရှင်များနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိဒေသဆိုင်ရာသုတေသနဗဟိုဌာနများ၊ စိုက်ပျိုးရေးသုတေသနခြံများ၊ သုတေသနစခန်းများမှ သုတေသီပညာရှင်များ၊ ဝန်ထမ်းများက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

**ဆန်းသစ်တီထွင်နေမှုကို အမြဲကြိုးစား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေး သုတေသနလုပ်ငန်းကို ၁၉၅၄ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး ဦးစီးဌာနအဖြစ်ဖွဲ့စည်းဆောင်ရွက်ခြင်းမှာ (၂၂)နှစ်ပြည့်မြောက်ပြီ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အစိုးရက မူဝါဒများပြင်ဆင်ချမှတ်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်းများကို ခေတ်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိရာတွင် စိုက်ပျိုးရေးသုတေသနလုပ်ငန်းများသည် အခြေခံအရေးပါသည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ မိမိတို့၏သုတေသနလုပ်ငန်းများကို နိုင်ငံတော်မှ ချမှတ်ထားသည့် မျှော်မှန်းချက်များနှင့်အညီဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ သုတေသနများ ဆန်းသစ်တီထွင်နေမှုကို အမြဲကြိုးစားသွားကြရန် အလေးအနက် မှာကြားလိုကြောင်း။

**အလေးထား ဆောင်ရွက်ပေးလျက်ရှိ**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ဖွဲ့စည်းပုံနှင့် အညီ လိုအပ်သည့်ပညာရှင်အင်အား၊ သက်ဆိုင်ရာ ရာထူးတာဝန်အဆင့်ဆင့်အလိုက် ဖြည့်ဆည်းခန့်ထားပေးနိုင်ရန်နှင့် လိုအပ်ချက်များကို ဝန်ကြီးဌာနက အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သုတေသီပညာရှင်များအနေဖြင့်လည်း ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် မျိုးနှင့်နည်းပညာများ ဖော်ထုတ်ခြင်း၊ ဈေးကွက်နှင့် စားသုံးသူများ၏ လိုအပ်ချက်ကို ဦးစားပေးသည့် သုတေသနလုပ်ငန်းများ၊ တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများအတွက် ထိရောက်စွာ ကူညီပေးနိုင်မည့် နည်းပညာများ၊ သုတေသနရလဒ်ကောင်းများအား တိုးတက်ရှာဖွေဖော်ထုတ်ပေးနိုင်ရေး ဆက်လက်ကြိုးပမ်းပေးကြရန် တိုက်တွန်းပါကြောင်းပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်မိုးမျိုးတင့်က စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက သုတေသနစွမ်းဆောင်ရည် ဂုဏ်ပြုဆု ၄၃ ဆုကို ပေးအပ်ကြပြီး တာဝန်ရှိသူများက ၂၀၂၆ ခုနှစ်အတွင်း အသက်(၆၂)နှစ်ပြည့် အငြိမ်းစားယူကြမည့် အရာထမ်း၊ အမှုထမ်းများကို ဂုဏ်ပြုလက်ဆောင်ပေးအပ်ကြသည်။




**ရှာဖွေဖော်ထုတ်နိုင်ခဲ့**

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် စတင်တည်ထောင်ချိန်မှ ယနေ့အထိ စပါး၊ ပြောင်း၊ ဂျုံနှင့် ဆီထွက်သီးနှံများ၊ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ၊ စက်မှုကုန်ကြမ်းသီးနှံများအား မျိုးမွေးမြူခြင်း သုတေသနမှ စုစုပေါင်း သီးနှံမျိုးပေါင်း သုံးရာကျော် မျိုးမွေးမြူထုတ်လုပ်နိုင်ခဲ့သည့်နည်းတူ ကောင်းမွန်သည့် စိုက်ပျိုးနည်းစနစ်များကိုလည်း ဖော်ထုတ်နိုင်ခဲ့ပြီး ၂၀၂၆ ဘဏ္ဍာနှစ်အတွင်း စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ ဒေသအလိုက် ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသည့် အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း သီးနှံမျိုးများ မွေးမြူရွေးချယ်ထုတ်လုပ်ခြင်း၊ ဆန်းသစ်သော စိုက်ပျိုးရေးသိပ္ပံနှင့် နည်းပညာများကို စဉ်ဆက်မပြတ် ဖော်ထုတ်ခြင်းတို့ကို အဓိကထားပြီး လုပ်ငန်းစဉ် (၇) ရပ်ဖြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုအနေဖြင့် ယခုနှစ်အတွင်း သီးနှံမျိုးသစ် ၁၂ မျိုး၊ နည်းပညာ ခုနစ်မျိုးကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာ နေပန်-လပန် စက်မှုလယ်ယာစနစ်ကျလယ်မြေ၌ နွေစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စာမျက်နှာ ၄ မှ

တပ်မတော်(ရေ)အနေဖြင့် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေအရ တပ်မတော်(ကြည်း)၊ တပ်မတော်(လေ)တို့နှင့်အတူ စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်လျက်ရှိပြီး ရခိုင်ပြည်နယ်၊ ဧရာဝတီမြစ်ကြောင်းနှင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် စစ်ဆင်ရေး၊ စစ်ဘက်သယ်ယူပို့ဆောင်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်း။

အရာရှိများဖြစ်သည်နှင့်အညီ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ပေးအပ်သောတာဝန်ကို အောင်မြင်စွာဆောင်ရွက်မည်ဆိုသည့် သန္နိဋ္ဌာန်စိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန် အထူးလိုအပ်ကြောင်း၊ ပညာရပ်ပိုင်းဆိုင်ရာများ၊ လုပ်ထုံးလုပ်နည်းများ၊ မူဝါဒ/ညွှန်ကြားချက်များကို စဉ်ဆက်မပြတ်လေ့လာနေရမည်ဖြစ်ပြီး အသိပညာဗဟုသုတပြည့်ဝရေးအတွက် လက်ရှိ မြန်မာ့နိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေးအခြေအနေများကို မျက်ခြည်မပြတ်စေရေး လေ့လာမှတ်သားနေရန် လိုအပ်ကြောင်း၊ ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ချက်နှင့်အညီ ပြုမူနေထိုင်ပြီး ကိုယ်ကျင့်တရားကောင်းမွန်၍ အမိန့်နှင့်စည်းကမ်းကို စံနမူနာပြ လိုက်နာပြီး ပေးအပ်လာမည့်တာဝန်များကို စွမ်းရည်ပြည့်ဝစွာနှင့် အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် စည်းကမ်းကောင်းမွန်သော ခေါင်းဆောင်ငယ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ **"လှိုင်းလေခက်ထန်ကြမ်းတမ်းသည့် ပင်လယ်ပြင်တွင် လူပျော့လူညံ့များအတွက် နေရာမရှိ"** ဆိုသည့်စကားအတိုင်း ကျန်းမာကြံ့ခိုင်သော ပင်လယ်ပျော်ရေတပ်သားများဖြစ်စေရေး လေ့ကျင့်၍ **"လှေခွက်ချည်းကျန် အလံမလှဲ"** စိတ်ဓာတ်ဖြင့် ရင်ဆိုင်ကျော်လွှားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။ စစ်ရေးပြအခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် ရေတပ်လေ့ကျင့်ရေးဌာနချုပ်ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏မိဘများကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ညပိုင်းတွင် သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦးနှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ကိုထိုက်နှင့်ဇနီး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေးနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့်ဇနီး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နည်းပြအရာရှိများ၊ ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တေးဂီတအဖွဲ့နှင့် တပ်မတော်(ရေ) တေးဂီတအဖွဲ့တို့၏ တေးသီချင်းများနှင့် တေးသရုပ်ဖော်အစီအစဉ်များဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးသည်။

ညစာစားပွဲအခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းသည် ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ စီမံကိန်းအောင်မြင်ပြီးမြောက်ခြင်းအခမ်းအနားနှင့် ညစာစားပွဲ ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၂၇

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ၂၀၂၃ ဖြင့် စားသောက်ကုန်လုပ်ငန်းကဏ္ဍတွင် စွမ်းအင်အကျိုးရှိစွာသုံးစွဲရေးရှေ့ပြေးစီမံကိန်း စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် စီမံကိန်းအောင်မြင်ပြီးမြောက်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Ms. Ma Jia၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)မှ ဒုတိယဥက္ကဋ္ဌ၊ မဲခေါင်ဒေသတွင်းနိုင်ငံများမှ ကိုယ်စားလှယ်များ၊ စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းများမှ ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ ဖိတ်ကြားထားသူများ၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ဆွေးနွေးပွဲတွင် စီမံကိန်းတာဝန်ရှိသူများ၊ ပြည်တွင်းပညာရှင်များနှင့် လက်တွေ့အကောင်အထည်ဖော်ရာတွင် ပါဝင်သော စက်ရုံများမှ ကိုယ်စားလှယ်များအနေဖြင့် စီမံကိန်း၏ရလဒ်များ၊ တန်ဖိုးရှိသည့် အတွေ့အကြုံများနှင့် စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးလုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော်ခြင်းမှ ရရှိခဲ့သည့်သင်ခန်းစာများကို မျှဝေကြမည်ဖြစ်ကြောင်း၊ လေ့လာသိရှိခဲ့ရသည့် အသိပညာရပ်များကို မိမိတို့ လုပ်ငန်းနယ်ပယ်၌ ကျယ်ကျယ်ပြန့်ပြန့်အသုံးချ၍ ထိထိရောက်ရောက် လက်တွေ့ကျင့်သုံးနိုင်အောင် အစဉ်တစိုက်ဖြင့် ဆက်လက်ဆောင်ရွက်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုစီမံကိန်းသည် စားသောက်ကုန်လုပ်ငန်းကဏ္ဍတွင် စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် လက်တွေ့ကျသော အကျိုးကျေးဇူးများကို ထင်ရှားစွာ ပြသနိုင်သည့် အရေးပါသော ရှေ့ပြေးစီမံကိန်း (pilot initiative) တစ်ခုဖြစ်ကြောင်း၊ ယခုစီမံကိန်းမှ ရရှိခဲ့သည့် အတွေ့အကြုံကောင်းများ၊ သင်ခန်းစာများနှင့် အပြုသဘောဆောင်သောရလဒ်များကို အကျိုးရှိစွာဖြင့် အခြားစက်ရုံများတွင် အလားတူ တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စီမံကိန်းများကို တိုးချဲ့ဆောင်ရွက်သွားနိုင်ပါက စက်မှုကဏ္ဍ၏ စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ပြီး ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်လာမှုနှင့် မဲခေါင်ဒေသအတွင်း ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက တရုတ်နိုင်ငံအနေဖြင့် မဲခေါင်ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုများတွင် ဆက်လက်လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုစီမံကိန်းသည် မြန်မာနိုင်ငံ၏ စားသောက်ကုန်ကဏ္ဍ စွမ်းအင်ထိရောက်မှုအတွက် ကောင်းမွန်သည့်ရလဒ်များကို ဆက်လက်ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)မှ ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၊ လာအိုဒီမိုကရက်တစ်နိုင်ငံမှ ကိုယ်စားလှယ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုနှင့် စီမံကိန်းအောင်မြင်မှုရလဒ်များကိုလည်းကောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက စီမံကိန်း၌ စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး အလုပ်ရုံဆွေးနွေးပွဲကို အခမ်းအနားအစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စားသောက်ကုန်လုပ်ငန်းကဏ္ဍတွင် စွမ်းအင်အကျိုးရှိစွာသုံးစွဲရေး ရှေ့ပြေးစီမံကိန်း အောင်မြင်ပြီးမြောက်ခြင်း အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ၂၀၊ ငွေတံဆိပ်ဆု ၁၉ ခု၊ ကြေးတံဆိပ်ဆု ၂၀ ဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြသည့် မြန်မာမသန်စွမ်းအားကစားအဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



ရန်ကုန် ဇန်နဝါရီ ၂၇

(၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက် မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့နှင့် နာခွန်ရစ်ချာဆီးမားမြို့တို့၌ အားကစားနည်း ၁၉ နည်းအားထည့်သွင်းကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ အားကစားနည်း ၁၁ နည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြေးခုန်ပစ်အားကစားနည်းမှ ရွှေတံဆိပ်ဆု ၁၁ ခု၊ ငွေတံဆိပ်ဆု ၁၅ ခု၊ ကြေးတံဆိပ်ဆု ၁၁ ခု၊ ရေကူးအားကစားနည်းမှ ရွှေတံဆိပ်ဆု ရှစ်ခု၊ ငွေတံဆိပ်ဆု သုံးခု၊ ကြေးတံဆိပ်ဆု သုံးခု၊ ဘော်လီဘောအားကစားနည်းမှ ရွှေတံဆိပ်ဆု တစ်ခု၊ ဘောလုံးအားကစားနည်းမှ ငွေတံဆိပ်ဆု တစ်ခု၊ စစ်တုရင်(မျက်မမြင်)အားကစားနည်းမှ ကြေးတံဆိပ်ဆုသုံးခု၊ စားပွဲတင်တင်းနစ်အားကစားနည်းမှ ကြေးတံဆိပ်ဆုတစ်ခု၊ အလေးမအားကစားနည်းမှ ကြေးတံဆိပ်ဆု တစ်ခု၊ ဂိုးလ်ဘောအားကစားနည်းမှ ကြေးတံဆိပ်ဆုတစ်ခု၊ မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ရွှေတံဆိပ်ဆု ၂၀၊ ငွေတံဆိပ်ဆု ၁၉ ခု၊ ကြေးတံဆိပ်ဆု ၂၀ စုစုပေါင်း ဆုတံဆိပ် ၅၉ ခုတို့ကို မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး နိုင်ငံအလိုက် အဆင့် (၆)တွင် ရပ်တည်နိုင်ခဲ့သည်။

အောင်မြင်မှုဆုတံဆိပ်များရယူ၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ပြီး မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိလာသည့် အောင်ပွဲရမြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုး ဦးဆောင်သောအားကစားအဖွဲ့သည် ယနေ့ည ၆ နာရီ ၃၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသားကျောင်းသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုး မိတ်သင်္ဂဟများနှင့် အားကစားဝါသနာရှင် မိဘပြည်သူများက အိုးစည်၊ ဒိုးပတ်များ၊ အောင်သပြေပန်းစည်းများနှင့် စံပယ်ပန်းကုံးများဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားနည်း ၁၁ နည်းအနက် သေနတ်ပစ်၊ ဘိုစီရာနှင့် ဘိုးလင်းအားကစားနည်းများမှလွဲ၍ ပြေးခုန်ပစ်၊ ရေကူး၊ ဘော်လီဘော၊ ဘောလုံး၊ စစ်တုရင်(မျက်မမြင်)၊ စားပွဲတင်တင်းနစ်၊ အလေးမ၊ ဂိုးလ်ဘော စသည့်အားကစားနည်း ရှစ်နည်းတို့မှ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ၂၀၂၃ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင်ရရှိခဲ့သည့် ရွှေတံဆိပ်ဆုများထက် ငါးခုပိုမိုရရှိခဲ့သည့်အတွက် ယခုပြိုင်ပွဲသည် ပိုမိုအောင်မြင်မှုရရှိခဲ့သည့် အားကစားပြိုင်ပွဲတစ်ခုဖြစ်ပြီး နိုင်ငံတော်၏ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်သူများ၊ မသန်ပေမယ့် စွမ်းဆောင်နိုင်သူများဖြစ်ကြောင်းကို သက်သေစိုက်ထူ ပြသနိုင်ခဲ့သည်။

အဆိုပါအောင်ပွဲရ မြန်မာမသန်စွမ်းအားကစားအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်းတစ်ရာတိတိအား ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

### ❖ ရှေ့ဖုံးမှ

အဆိုပါစနစ် ရှေ့ပြေးစမ်းသပ်မှုအစီအစဉ်(Pilot Project) အဖြစ် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ဖေဖော်ဝါရီ ၇ ရက်တွင် ပြေးဆွဲပေးမည့် အမှတ်(၁၁)အဆန်/(၁၂)အစုန်(ရန်ကုန်-မန္တလေး-ရန်ကုန်)လူစီးအမြန်ရထား၊ အမှတ်(၇) အဆန်/(၈) အစုန်(ရန်ကုန်-နေပြည်တော်-ရန်ကုန်)၊ DEMU အမြန်ရထား၊ အမှတ်(၃၁)အဆန်/(၃၂)အစုန် (ရန်ကုန်-နေပြည်တော်-ရန်ကုန်) DEMU အမြန်ရထားနှင့် အမှတ်(၂၇)အဆန်/(၂၈)အစုန်(မန္တလေး-နေပြည်တော်-မန္တလေး)လူစီးအမြန်ရထားခရီးစဉ်များ၏ ရထားလက်မှတ်များကို ယခုလာမည့် ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ ရောင်းချပေးသွားမည်ဖြစ်သည်။

ORTP စနစ်ဖြင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ လူစီးအမြန်ရထားများ စီးနင်းလိုက်ပါရန် လက်မှတ်များဝယ်ယူရာတွင် ခရီးစဉ်အစအဆုံး စီးနင်းလိုက်ပါလိုပါက ခုနစ်ရက်ကြိုတင်၍လည်းကောင်း၊ ကြားဘူတာများမှ စီးနင်းလိုက်ပါလိုပါက သုံးရက် ကြိုတင်၍လည်းကောင်း ဝယ်ယူနိုင်ပြီး ရထားထွက်ခွာဆိုက်ရောက်ချိန်များ၊ ရပ်တန့်ဘူတာများ၊ လက်မှတ်ခနှုန်းထားများမှာ ယခင်အတိုင်းဖြစ်သည်။

အဆိုပါ စနစ်ကို အသုံးပြုမည်ဆိုပါက မိမိအသုံးပြုလိုသည့် Browser တစ်ခုခုကိုဖွင့်ပြီး ortp.rallways.gov.mm ဆိုသည့် Link အား ရိုက်နှိပ်၍ စနစ်သို့ လွယ်ကူစွာ ဝင်ရောက်နိုင်မည်ဖြစ်သည်။ ထို့အပြင် စနစ်အတွင်းသို့ လွယ်ကူစွာဝင်ရောက်နိုင်ရန် ပြုလုပ်ထားသော QR Code ကို မိမိလက်ကိုင်ဖုန်းဖြင့် Scan ဖတ်၍လည်း ဝင်ရောက်နိုင်သည်။ စနစ်အား အသုံးပြုပုံအဆင့်ဆင့် အသိပညာပေးခြင်းအစီအစဉ်နှင့် စနစ်သို့ ဝင်ရောက်နိုင်သည့် Link နှင့် QR Code တို့ကို မြန်မာ့ရုပ်မြင်သံကြား၊ နိုင်ငံပိုင်သတင်းစာများ၊ မြန်မာ့မီးရထား Website နှင့် ဘူတာရုံအသီးသီးတို့တွင် ကြေညာအသိပေးထားပြီးဖြစ်သည်။

ခရီးသွားပြည်သူများ အနေဖြင့် Online မှ လက်မှတ်များ ဝယ်ယူရန် အခက်အခဲတစ်စုံတစ်ရာရှိပါကလည်း သက်ဆိုင်ရာဘူတာရုံ၊ လက်မှတ်ရုံများသို့ လာရောက်၍လည်း အဆိုပါစနစ်အသုံးပြုပြီး ဝယ်ယူရရှိနိုင်ရန် စီစဉ်ပေးထားသည်။ ORTP စနစ်ဖြင့် လက်မှတ်ဝယ်ယူခြင်းနှင့် စပ်လျဉ်း၍ သိရှိလိုသည်များရှိပါက မြန်မာ့မီးရထား၏ Hotline ဖုန်းအမှတ်-၁၁၈၈ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း သိရသည်။ **သတင်းစဉ်**

# ဂမ်ဘီယာနှင့် မြန်မာအမှု၏ ကြားနာပွဲ ဆက်လက်ပြုလုပ်



နေပြည်တော် ဇန်နဝါရီ ၂၇

ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲ(Oral Hearing) ကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ပြုလုပ်လျက်ရှိရာ ဂမ်ဘီယာက ဒုတိယအကျော့ လျှောက်လဲမှုကို ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီက စတင်သည်။

ကြားနာပွဲသို့ ယခင်တက်ရောက်နေကျ တရားသူကြီး ၁၄ ဦးအပြင် တရုတ်နိုင်ငံ တရားသူကြီး Mrs. Xue ပါဝင်ခဲ့ပြီး စုစုပေါင်း တရားသူကြီး ၁၅ ဦး တက်ရောက်သည်။

ဂမ်ဘီယာနိုင်ငံ၏ ဦးဆောင်ရှေ့နေနှင့် ရှေ့နေများက မြန်မာနိုင်ငံသည် ဘင်္ဂါလီများအား လူမျိုးသုဉ်းစေလိုသည့်ရည်ရွယ်ချက်ရှိကြောင်း စွပ်စွဲလျှောက်လဲခဲ့ကြပြီး ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဂမ်ဘီယာနိုင်ငံ၏ ဒုတိယ အကျော့ လျှောက်လဲချက်များကို ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အပြည်ပြည်ဆိုင်ရာတရားရုံး၌ မြန်မာကိုယ်စားလှယ်အဖွဲ့၏ တုံ့ပြန်ချေပလျှောက်လဲချက်များအား ထောက်ခံဂုဏ်ပြုပွဲ ရန်ကုန်မြို့၌ ပြုလုပ်



ရန်ကုန် ဇန်နဝါရီ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် တရားမျှတသောအမှန်တရားအတွက် နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)၌ မြန်မာကိုယ်စားလှယ်အဖွဲ့၏ တုံ့ပြန်ချေပလျှောက်လဲချက်များအား ထောက်ခံဂုဏ်ပြုပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ ယာဉ်ရပ်နားကွင်း၌ ပြုလုပ်သည်။

ဦးစွာ ထောက်ခံပွဲတက်ရောက်လာကြသည့် ပြည်သူများက နိုင်ငံတော်သီချင်း သံပြိုင်သီဆို၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် ဆရာတော် အရှင်သုစိတ္တနှင့် ဦးဝင်းကိုကိုလတ်တို့က အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ) တွင် နိုင်ငံတကာဥပဒေများနှင့်အညီ တုံ့ပြန်ချေပလျှောက်လဲနေသော ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးတို့ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ထောက်ခံအားပေးဂုဏ်ပြုကြောင်း ဟောပြောကြသည်။

ယင်းနောက် သဘောထားထုတ်ပြန်ချက်ကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ဦးထိန်လင်းက ဖတ်ကြားပြီး ကြွေးကြော်သံများ စုပေါင်းကြွေးကြော်ကာ ထောက်ခံပွဲ အောင်မြင်စွာ ပြီးမြောက်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

# အပြည်ပြည်ဆိုင်ရာတရားရုံး၌ ခုခံချေပလျှောက်လဲလျက်ရှိသည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား မွန်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူအပေါင်းက ကြိုဆိုထောက်ခံ



မော်လမြိုင် ဇန်နဝါရီ ၂၇

ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏အမှုနှင့်ပတ်သက်၍ ကြားနာပွဲ (Oral Hearing) ကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ပြုလုပ်လျက်ရှိပြီး နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့က တရားမျှတမှုနှင့် အမှန်တရားကို လက်ကိုင်ထား၍ မြန်မာနိုင်ငံအတွက် ခုခံချေပလျှောက်လဲလျက်ရှိရာ မြန်မာကိုယ်စားလှယ်အဖွဲ့အား မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူအပေါင်းက ကြိုဆိုထောက်ခံပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့၌ ပြုလုပ်သည်။

ဦးစွာ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အလံများ ကိုင်ဆောင်ကာ မော်လမြိုင်မြို့ ပြည်နယ်ခန်းမမှ မြစ်ကမ်းသာကစားကွင်းအထိ ကမ်းနားလမ်းတစ်လျှောက် စီတန်းချီတက်ပြီး ကြိုဆိုထောက်ခံကြသည်။

ထို့နောက် မြစ်ကမ်းသာကစားကွင်း၌ ပြည်သူများက နိုင်ငံတော်အလံအားအလေးပြု၍ နိုင်ငံတော်သီချင်း သံပြိုင်သီဆိုကြသည်။

ယင်းနောက် ဆရာတော် ဦးတေဇဝံသနှင့် ဦးဇော်ဟိန်းတို့က မိမိတို့ နိုင်ငံတော်အပေါ် မတရားစွပ်စွဲလုပ်ဆောင်မှုများကို တရားဥပဒေနှင့်အညီ ယုံကြည်မှုအခြေခံ၍ ပြတ်ပြတ်သားသား ရင်ဆိုင်ဖြေရှင်းနေခြင်းကို အပြည့်အဝကြိုဆိုထောက်ခံပါကြောင်း၊ ယင်းကဲ့သို့ဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၏ ပကတိဖြစ်စဉ်အမှန်များကို ပုံဖော်ပြသနေခြင်းဖြစ်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာက သိရှိနားလည်သွားစေရန်နှင့် ယုံကြည်မှုရှိလာစေရေးအတွက်လည်း အရေးပါသော အချက်တစ်ခုပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ကိုယ်စား ICJ သို့သွားရောက်၍ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာ၊ အကျိုးစီးပွားနှင့်သက်ဆိုင်သော ကိစ္စရပ်များအတွက် ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများကို အလေးအနက် ကြိုဆိုထောက်ခံဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်းနှင့် နိုင်ငံတော်၏ မူဝါဒသဘောထားများနှင့် တစ်သားတည်းရပ်တည်လျက်ရှိနေကြောင်းတို့ကို ပြောကြားခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

## သဘောထားထုတ်ပြန်ကြေညာချက်

"သဘောထားထုတ်ပြန်ချက်"

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေဖြင့် လက်ရှိ ရင်ဆိုင်နေရသည့် အကြောင်းခြင်းရာများသည် ဥပဒေရေးရာကိစ္စတစ်ခုတည်းမဟုတ်ဘဲ မိမိတို့ နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ ပြည်ထောင်စုဖွား နိုင်ငံသား/တိုင်းရင်းသားလူမျိုးတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာနှင့် အမျိုးသားရေးအကျိုးစီးပွား၊ နိုင်ငံ့နယ်နိမိတ် အပိုင်းအခြားနှင့် နိုင်ငံတော်လုံခြုံမှု ကာကွယ်ရေးတို့ပါ ထိခိုက်လာစေနိုင်သည့်အတွက် နိုင်ငံတကာတရားရုံး (ICJ)တွင် နိုင်ငံတကာဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း ရပ်တည်ဖြေရှင်းနေကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ မိမိတို့ပါတီအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ကိုယ်စား နိုင်ငံတကာ တရားရုံး(ICJ)သို့ သွားရောက်၍ မိမိတို့ နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ နိုင်ငံသား/တိုင်းရင်းသား ပြည်သူလူထုတို့၏ ဂုဏ်သိက္ခာနှင့် အမျိုးသားရေးအကျိုးစီးပွားများနှင့်သက်ဆိုင်သည့် မတရားစွပ်စွဲချက် ကိစ္စရပ်များအတွက် ဥပဒေကြောင်းအရ ပကတိဖြစ်စဉ် အမှန်တရားများကို ရင်ဆိုင်ဖြေရှင်းနေသည့် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများကို အလေးအနက်ထား ကြိုဆိုထောက်ခံပါကြောင်းနှင့် ခမီ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအနေဖြင့် နိုင်ငံတော်မှ ချမှတ်ဆောင်ရွက်နေသည့် မူပါဒလုပ်ငန်းစဉ်များနှင့် တစ်သွေးတည်း၊ တစ်သားတည်းရပ်တည်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

## သဘောထားထုတ်ပြန်ကြေညာချက်

ရခိုင်တိုင်းရင်းသားများပါတီ(RNP)

သဘောထားထုတ်ပြန်ကြေညာချက် (၁/၂၀၂၆)

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက်

၁။ ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ၂၀၁၇ ခုနှစ်က ဖြစ်ပွားခဲ့သော ပဋိပက္ခနှင့်စပ်လျဉ်း၍ လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ကြောင်း နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ နိုင်ငံတကာတရားရုံး(ICJ)တွင် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအား စွပ်စွဲခဲ့သည်မှာ ၆ နှစ်ကျော်မျှ ကြာမြင့်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ၎င်းတရားစွဲဆိုမှုသည် မြန်မာနိုင်ငံရှိ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ နိုင်ငံရေးပါတီတစ်ရပ်ရပ်အား စွဲဆိုခြင်း မဟုတ်ဘဲ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား စွဲဆိုခြင်းဖြစ်သည်ဟု မှတ်ယူပါသည်။

၃။ ထိုတရားစွဲဆိုမှု၏ နောက်ဆက်တွဲအကျိုးဆက်အား အလျှင်ဆုံးခံစားရမည့်သူများမှာ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများဖြစ်သည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်ပါသည်။

၄။ ရခိုင်တိုင်းရင်းသားပြည်သူများနှင့် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ တိုင်းရင်းသားမိဘပြည်သူများ ကိုယ်စား အမှန်တရားအတွက် နိုင်ငံတကာတရားရုံး(ICJ)တွင် ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၂၉ ရက်နေ့ အတွင်း ခုခံချေပလျှောက်လဲလျက်ရှိသည့် ပြည်ထောင်စုဝန်ကြီးများဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ရခိုင်တိုင်းရင်းသားများပါတီ(RNP)အနေဖြင့် ကြိုဆိုထောက်ခံပါကြောင်းနှင့် အထူးကျေးဇူးတင်ရှိပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ရခိုင်တိုင်းရင်းသားများပါတီ

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၂ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၇

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ခြောက်ဦး၊ တောင်အာဖရိကနိုင်ငံသား လေးဦး၊ နီပေါနိုင်ငံသား လေးဦး၊ ဘူရွန်ဒီနိုင်ငံသား နှစ်ဦး၊ ဆီလီရာလီယွန်နိုင်ငံသား တစ်ဦး၊ မာလဝီနိုင်ငံသား တစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား တစ်ဦး၊ တန်ဇန်းနီးယားနိုင်ငံသား တစ်ဦး၊ ဇင်ဘာဘွေနိုင်ငံသား တစ်ဦးနှင့် တိုဂိုနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၂၂ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေ



ရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးမှ Staff of Embassy Mr. Sajal Shakya နှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားနိုင်ငံ၊ တောင်အာဖရိကနိုင်ငံ၊ ဘူရွန်ဒီနိုင်ငံ၊ ဆီလီရာလီယွန်နိုင်ငံ၊ မာလဝီနိုင်ငံ၊ နိုင်ဂျီးရီးယားနိုင်ငံ၊ တန်ဇန်းနီးယားနိုင်ငံ၊ ဇင်ဘာဘွေနိုင်ငံနှင့် တိုဂိုနိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၇ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၁၇၈ ဦးထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၂၈၈၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၈၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီ ဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

❖ စာမျက်နှာ ၂၄ မှ

- အကယ်၍ ရောဂါဖြစ်ပွားရာဒေသမှ ပြန်လာပြီး (၁၄) ရက်အတွင်း အထက်ဖော်ပြပါ သံသယရောဂါ လက္ခဏာများခံစားရပါက ချက်ချင်းနီးစပ်ရာ ကျန်းမာရေးဌာနသို့ ဆက်သွယ်ရန်လိုအပ်ပြီး ရောဂါဖြစ်ပွားရာဒေသသို့ ခရီးသွားခဲ့သည့်ရာဇဝင်ရှိကြောင်းကို ဆရာဝန်အား သေချာစွာ ပြောပြ၍ လိုအပ်သည့် စမ်းသပ်စစ်ဆေးကုသမှုများကို အချိန်မီခံယူရန်၊
- မိသားစုတွင်ရောဂါဖြစ်ပွားရာနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသည့် သံသယဖြစ်ဖွယ် ရောဂါလက္ခဏာရှိသူများကို တွေ့ရှိပါကလည်းကောင်း၊ နေထိုင်ရာပတ်ဝန်းကျင်တွင် တိရစ္ဆာန်များ (ဝက်/လင်းနို့) တို့ ထူးထူးခြားခြား သေဆုံးနေသည်ကိုတွေ့ရှိရပါကလည်းကောင်း နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းအသိပေးအကြောင်းကြားရန်။

ကျန်းမာရေးဝန်ကြီးဌာန

(၂၇-၁-၂၀၂၆)

---

❒ စာမျက်နှာ ၂၄ မှ

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိတိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ပြီး ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်၍ အောင်ပွဲအလီလီရယူနိုင်ခဲ့သော အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက အောင်သပြေပန်းများ၊ ပန်းစည်းများ၊ ပန်းကုံးများ၊ အချိုရည်များ၊ အိုးစည်ဒိုးပတ်များဖြင့် ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး ဒုတိယတိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအားပေးစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

## လျှပ်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအား ထောက်ပံ့ငွေနှင့် အိမ်ဆောက်ပစ္စည်းများ ထောက်ပံ့ပေးအပ်



မန္တလေး ဇန်နဝါရီ ၂၇

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ လျှပ်ဒဏ်ကြောင့် လုံးဝပျက်စီးနှင့်တစ်စိတ်တစ်ပိုင်း ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအား ပြုပြင်နိုင်ရန် ထောက်ပံ့ငွေနှင့်အိမ်ဆောက်ပစ္စည်း(ဘိလပ်မြေ၊ သွပ်၊ သံ၊ သစ်)များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းသူက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်က နိုင်ငံတော်အနေဖြင့် လျှပ်ဘေးအန္တရာယ်ခံစားရသည့် ပြည်သူများအား ထောက်ပံ့ပေးနိုင်ခဲ့မှု အခြေအနေများ၊ ယနေ့တွင်လည်း နေအိမ်တစ်စိတ်တစ်ပိုင်းပျက်စီးမှု၊ အလုံးစုံပျက်စီးမှုတို့အတွက် နိုင်ငံတော်မှ သတ်မှတ်ထားသည့် နှုန်းထားအတိုင်း ငွေသားပေးအပ်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

၎င်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တစ်စိတ်တစ်ပိုင်းပျက်စီးမှုအတွက် ဝါးထရံအိမ် ၆ သိန်း ၆သောင်းကျပ်၊ တစ်ထပ်ပျဉ်ထောင်အိမ် ငွေကျပ် ၃၃ သိန်း၊ နှစ်ထပ်ပျဉ်ထောင်အိမ် ငွေကျပ်သိန်း ၆၀၊ တိုက်ခန်း ငွေကျပ် ၄၆ သိန်းနှင့် သွပ် ၂၄ ချပ်၊ အလုံးစုံပျက်စီးမှုအတွက် ဝါးထရံအိမ် ငွေကျပ်သိန်း ၂၀၊ တစ်ထပ်ပျဉ်ထောင်အိမ် ငွေကျပ်သိန်း ၁၀၀၊ နှစ်ထပ်ပျဉ်ထောင်အိမ် ငွေကျပ်သိန်း ၁၈၀ နှင့်သွပ် ၇၄ ချပ်၊ တစ်စိတ်တစ်ပိုင်းပျက်စီးမှု နေအိမ် ၂၀ လုံး၊ အလုံးစုံပျက်စီးမှု နေအိမ် ၁၀ လုံး စုစုပေါင်းနေအိမ် ၃၀ လုံးအတွက် ပေးအပ်ခဲ့ကြောင်း သိရသည်။

အလင်းသစ်(ပြန်/ဆက်)

၀-၀-၀-၀-၀

---

## အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်များ သက်တမ်းတိုး၊ ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချ



မူဆယ် ဇန်နဝါရီ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်များနှင့် သားသတ်လုပ်ငန်းလိုင်စင်များအား သက်တမ်းတိုး၊ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး တင်မောင်ဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးတင်မောင်ဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းတို့က အမှာစကားပြောကြားပြီးနောက် မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမျိုးနိုင်ဦး(ဒုတိယညွှန်ကြားရေးမှူး)က အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်များနှင့် သားသတ်လုပ်ငန်းလိုင်စင်များ ဈေးပြိုင်ရောင်းချခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်များနှင့် သားသတ်လုပ်ငန်းလိုင်စင်များအား သက်တမ်းတိုး၊ ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ရာ လုပ်ငန်း(၃၅)ခုအား လေလံကြေးငွေကျပ်(၆၅၉၁ ဒသမ ၀၀)သိန်းဖြင့် ရောင်းချခဲ့ကြောင်း သိရသည်။ (ကဆ)

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လိုက်လံအသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်



**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးဌာနမှ ပြည်သူများ မီးဘေးအန္တရာယ်မှ ကင်းဝေးစေရန်နှင့် မီးဘေးသတိရှိစေရန် ရည်ရွယ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ယမန်နေ့ညနေ ၄ နာရီက မြို့ပေါ်ရပ်ကွက်များသို့ အသံချဲ့စက်ဖြင့် လိုက်လံအသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆင်ပေါင်ဝဲမြို့နယ်တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေး၊ မီးဘေးသတိရှိရေး မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိရာ မြို့နယ်ပြည်သူများအနေဖြင့် နေအိမ်များတွင် မီးသတိပြုရန်၊ မီးဘေးအန္တရာယ်ကာကွယ်ရန်အတွက် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများနှင့် မီးသတ်ဆေးဘူးများ အဆင်သင့်ထားရှိရန်၊ လျှပ်စစ်မီးအသုံးပြုရာတွင်လည်း မီးဘေးလုံခြုံရေးအတွက် အလေးထား လိုက်နာဆောင်ရွက်ကြရန်၊ မီးဘေးအန္တရာယ်ကြုံတွေ့ပါက သက်ဆိုင်ရာတာဝန်ရှိသူများထံ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ဆောင်ရွက်ကြရန်အတွက် မြို့ပေါ်ရပ်ကွက်နှင့် လမ်းဆုံများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း၏ ကြီးကြပ်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးချစ်ထွေး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ဖြင့် လှည့်လည်၍ မီးသတိပေးနှိုးဆော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

## ဟိုတယ်၊ မိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်းများ သတ်မှတ်လုပ်ငန်းလိုင်စင်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**ညောင်ဦး ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်အတွင်း ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ဟိုတယ်၊ မိုတယ်များနှင့် စားသောက်ဆိုင်လုပ်ငန်းများ၊အလတ်စား စင်တင်တေးဂီတလုပ်ငန်းများ သတ်မှတ်လုပ်ငန်းလိုင်စင်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိကို ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက ဌာနဆိုင်ရာတာဝန်ရှိသူများ စစ်ဆေးရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး(ခေတ္တ) ဦးရဲစုပိုင်နှင့်ဝန်ထမ်းများ၊ညောင်ဦးမြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ပြည်တွင်းအခွန်ဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ညောင်ဦးမြို့အမှတ်(၃)ရပ်ကွက်ရှိ သံတဲဟိုတယ်၊ အမှတ်(၄)ရပ်ကွက်ရှိ My Palace Hotel၊ Zero Hour စားသောက်ဆိုင်၊ အမှတ်(၆)ရပ်ကွက်ရှိ သီရိရတနာဟိုတယ်နှင့် Bagan Sense Hotel၊ ကုန်းတန်းကြီးကျေးရွာအနီး ညောင်ဦး-ကျောက်ပန်းတောင်းသွား ကားလမ်းဘေးရှိ Wai စားသောက်ဆိုင်၊ Sweetheart စားသောက်ဆိုင်နှင့် မြတ်လေးမွန်စားသောက်ဆိုင်များသို့သွားရောက်၍ လုပ်ငန်းလုပ်ကိုင်ရာတွင် သတ်မှတ်ထားသော လုပ်ငန်းလိုင်စင်များနှင့်အညီ စနစ်တကျလိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုင်စင်မရှိသေးသော လုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်ချက်နှင့်အညီ အမြန်လျှောက်ထားရယူဆောင်ရွက်ရေး၊ မီးဘေးလုံခြုံရေးအထူးဂရုပြု ဆောင်ရွက်ရေးနှင့် Fire Safety Certificate(FSC) လျှောက်ထားရယူဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ (၄၄၅)

## ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**ပင်လောင်း ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့၌ စုစုပေါင်း ဘိန်းစိုက်ခင်း ၈၆ ဧကခန့်အား ဖျက်ဆီးခဲ့သည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီ ၁၀ မိနစ်မှ ညနေ ၄ နာရီ မိနစ် ၄၀ အထိ ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ်၊ ပြဒိန်ကျေးရွာအနီးဝန်းကျင်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၆၂ ဧကခန့်အားလည်းကောင်း၊ အလားတူ နံနက် ၉ နာရီ ၁၀ မိနစ်မှ မွန်းလွဲ ၃ နာရီ မိနစ် ၅၀ အထိ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ်၊ တလျှုနီးကျေးရွာအနီးဝန်းကျင်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၄ ဧကခန့်အားလည်းကောင်း အသီးသီး ဖျက်ဆီးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## စက်သုံးဆီများ တရားမဝင် သယ်ဆောင်လာသူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးအရေးယူ

**စစ်ကိုင်း ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၌ စက်သုံးဆီများ တရားမဝင် သယ်ဆောင်လာသူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၁ ရက် ညနေ ၄ နာရီ ၁၀ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ သောတပန်ရပ်ကွက်ရှိ အောင်မြေဦးဘုန်းတော်ကြီးသင်စာသင်ကျောင်းရှေ့၌ အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် စစ်ကိုင်းတောင်ရိုးလမ်းအတိုင်း စစ်ကိုင်းမြို့တွင်းမှ ရေခါးကျေးရွာဘက်သို့ ရေခါးကျေးရွာနေ ချစ်ကိုကို(၂၇)နှစ်ဆိုသူ မောင်းနှင်လာသည့် I-ZONE LIGHT TRUCK မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင် သယ်ဆောင်လာသည့် 92 ဓာတ်ဆီ ငါးဂါလန်ခန့်ပါ အဝါရောင် ပလတ်စတစ်ပုံး ၆၅ ပုံးအား တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ချစ်ကိုကိုဆိုသူအားလည်းကောင်း၊ အလားတူ စစ်ကိုင်းမြို့နယ်၊ ထုံးဘိုရပ်ကွက်နေ တရုတ်ကြီး(ခ)ဝင်းကျော်ဦး(၂၉)နှစ်ဆိုသူ မောင်းနှင်လာသည့် LIFAN အမျိုးအစား သုံးဘီးဆိုင်ကယ်ပေါ်မှ 92 ဓာတ်ဆီ ငါးဂါလန်ခန့်ပါ အဖြူရောင်ပလတ်စတစ်ပုံး ၂၀၊ ပရီမီယံဒီဇယ်ဆီ ငါးဂါလန်ခန့်ပါ အဖြူရောင်ပလတ်စတစ်ပုံး ၃၀ ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် တရုတ်ကြီး(ခ)ဝင်းကျော်ဦး ဆိုသူအားလည်းကောင်း စစ်ကိုင်းနယ်မြေရဲစခန်းမှ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေဖြင့် အသီးသီးအမှုဖွင့်အရေးယူထားကြောင်း သိရသည်။



(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူ

**တာချီလိတ် ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူထားသည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲက ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ ဆေခမ်းရပ်ကွက်၊ တာချီလိတ်-ဝမ်ပုံကားလမ်း၊ ဦးထွန်းအောင်တံတားအနီး၌ တာချီလိတ်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် တာချီလိတ်မှ ဝမ်ပုံဘက်သို့ ရန်အောင်မြေရပ်ကွက်နေ အောင်မျိုးသန့်(ခ)သားသား(၃၁)နှစ်ဆိုသူ မောင်းနှင်လာသည့် TOYOTA MARK II မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အောင်မျိုးသန့်(ခ)သားသား ဆိုသူအား ဟောင်လိတ်နယ်မြေရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## နှစ်လုံးထီ လောင်းကစားသူ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးအား ဖမ်းဆီးအရေးယူ

**စဉ့်ကိုင် ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၌ နှစ်လုံးထီ လောင်းကစားသူ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၂ ရက် ညနေ ၄ နာရီ မိနစ် ၂၀ က မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ တမာကုန်းကျေးရွာနေ အောင်စိုးထက်ပိုင်(ခ)လေးလုံး(၃၇)နှစ်ဆိုသူ၏ နေအိမ်၌ လောင်းကစားနေကြောင်း သတင်းအရ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ၄င်းနှင့်အတူ ဆည်ရွာကျေးရွာနေသူများဖြစ်သည့် ကျော်စိုးဦး(၂၃)နှစ်နှင့် ဒေါ်ကြင်သူဖွေး(၃၀)နှစ်ဆိုသူတို့အား နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် အောင်စိုးထက်ပိုင်(ခ)လေးလုံးပါဆိုသူသုံးဦးအား ပလိပ်နယ်မြေရဲစခန်းမှ လောင်းကစားဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (ဝဲပုံ)



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# အိန္ဒိယ၌ နီပါးရ်ဗိုင်းရပ်စ်တွေ့ရှိပြီးနောက် သီရိလင်္ကာနှင့် အာရှတစ်ဝန်း သတိထားစောင့်ကြည့်လျက်ရှိ

ကိုလံဘို ဇန်နဝါရီ ၂၇

အိန္ဒိယနိုင်ငံအရှေ့ပိုင်း အနောက်ဘင်္ဂလားပြည်နယ်၌ နီပါးရ်ဗိုင်းရပ်စ် တွေ့ရှိခဲ့သည်ဟု သတင်းများ ဖော်ပြပြီးနောက် သီရိလင်္ကာအစိုးရ အနေဖြင့် စောင့်ကြည့်စစ်ဆေးမှုများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိသည်။

အာရှတစ်ဝန်း ကျန်းမာရေး အာဏာပိုင်များသည် နီပါးရ် ဗိုင်းရပ်စ် ပေါ်ပေါက်လာသည့် အပေါ် သတိထားစောင့်ကြည့်လျက်ရှိသည်။ သီရိလင်္ကာနိုင်ငံသည် ဒေသအဆင့် နီပါးရ်ဗိုင်းရပ်စ်ဆိုင်ရာ အခြေအနေများနှင့်ပတ်သက်ပြီး ခြေရာခံလျက်ရှိရာ နိုင်ငံတကာ ကျန်းမာရေး စောင့်ကြည့် အဖွဲ့များနှင့်လည်း အဆက်အသွယ်များ ရှိသည်ဟု ကျန်းမာရေး အာဏာပိုင်များက ပြောကြားသည်။

ဒေသအတွင်း နီပါးရ်ဗိုင်းရပ်စ် ကူးစက်မှု သတင်းဖော်ပြချက် မရှိသော်လည်း ဗိုင်းရပ်စ်ဖြစ်ပေါ်လာနိုင်သည့်နေရာများတွင် ကြိုတင်ကာကွယ် စောင့်ကြည့်စစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိသည်ဟု အာဏာပိုင်များက ပြောသည်။

**ကူးစက်ခံရသူ ငါးဦးရှိ**

အနောက်ဘင်္ဂလားပြည်နယ်၌ ကျန်းမာရေးဝန်ထမ်းများ အပါအဝင် နီပါးရ်ဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားသူ ငါးဦးရှိသည်ဟု အိန္ဒိယ အာဏာပိုင်များက အတည်ပြုဖော်ပြပြီးနောက် ဒေသတွင်းတွင် နီပါးရ်ဗိုင်းရပ်စ်နှင့် ပတ်သက်ပြီး သတိထားစောင့်ကြည့်မှုများ မြင့်တက်လာခြင်းဖြစ်သည်။

**ကာကွယ်ရေးအစီအမံများ လုပ်ဆောင်**

နီပါးရ်ဗိုင်းရပ်စ် တွေ့ရှိမှုကြောင့် ဒေသတွင်းနိုင်ငံအများအပြားကို စောင့်ကြည့်စစ်ဆေးရမည့်အခြေအနေအထိ ရောက်ရှိစေခဲ့သည့်အတွက် အထူးသဖြင့် နိုင်ငံတကာလေဆိပ်များတွင် ကြိုတင်ကာကွယ်ရေး အစီအမံများကို အင်တိုက်အားတိုက် လုပ်ဆောင်လာခဲ့ကြသည်။ ဆင်ဟွာ



## ဝင်ငွေနည်းပါးသော မိသားစုများအတွက် ပံ့ပိုးမှုအစီအစဉ် ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနီက ထုတ်ပြန်ကြေညာ

အော့တဝါ ဇန်နဝါရီ ၂၇

ဝင်ငွေနည်းပါးသော မိသားစုများအတွက် စားသောက်ကုန်နှင့် အခြားလူသုံးကုန်ပစ္စည်းများ၏ ကုန်ကျစရိတ်ကို လျှော့ချရန်ရည်ရွယ်သည့် ဆောင်ရွက်ချက်များ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဒေါ်လာဘီလီယံပေါင်းများစွာ တန်ဖိုးရှိသော ပံ့ပိုးမှုအစီအစဉ်တစ်ရပ်ကို ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနီက ထုတ်ပြန်လိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယခုနှစ်မှစတင်၍ ငါးနှစ်တာ ကာလအတွင်း ကုန်စည်နှင့် ဝန်ဆောင်မှုအခွန် ပြန်အမ်းငွေကို ၂၅ ရာခိုင်နှုန်း တိုးမြှင့်ပေးမည်ဖြစ်ကြောင်း ၎င်းက ဇန်နဝါရီ ၂၆ ရက်တွင် ကြေညာသည်။

ယင်းအခွန်ပြန်အမ်းငွေ အစီအစဉ်ကို ကနေဒါစားသောက်ကုန်နှင့် လူသုံးကုန်အကျိုးခံစားခွင့်အဖြစ် အမည်ပြောင်းလဲသွားမည်ဖြစ်ပြီး ကနေဒါနိုင်ငံသား ၁၂ သန်းကျော်အတွက် သိသာထင်ရှားသည့် ထပ်ဆောင်းပံ့ပိုးမှုများ ရရှိစေမည်ဖြစ်ကြောင်း ကာနီက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အစိုးရအနေဖြင့် အကျုံးဝင်သည့် နေထိုင်သူများအား ယခုနှစ်အတွက် ၅၀ ရာခိုင်နှုန်း တိုးမြှင့်ပေးမှုနှင့် ညီမျှသော တစ်ကြိမ်တစ်ခါတည်းပေးအပ်သည့် ထောက်ပံ့ငွေကိုလည်း ပေးအပ်သွားမည်ဟု ဆိုသည်။

ကုန်ကျစရိတ်များ လျှော့ချရန်နှင့် ကနေဒါနိုင်ငံသားများ လိုအပ်နေသော ထောက်ပံ့ကူညီမှုများရရှိစေရန် ဆောင်ရွက်ချက်အသစ်များကို လုပ်ဆောင်နေသည်ဟု ၎င်းက ထည့်သွင်းပြောဆိုခဲ့ကြောင်း သိရသည်။ Mon




## ကလေးငယ်များ လူမှုကွန်ရက် အသုံးပြုမှုကို ပိတ်ပင်ရန် ဥပဒေကြမ်းတစ်ရပ်ကို ပြင်သစ်အမတ်များ အတည်ပြု

ပဲရစ် ဇန်နဝါရီ ၂၇

ပြင်သစ်နိုင်ငံတွင် ကလေးငယ်များ စခရင်အသုံးပြုချိန် လွန်ကဲမှုမှကာကွယ်ရန် သမ္မတ အီမန်နျူရယ်မာခရွန် ဦးဆောင်ကြိုးပမ်းခဲ့သည့် အသက် ၁၅ နှစ်အောက် ကလေးငယ်များ လူမှုကွန်ရက် အသုံးပြုမှုကို ပိတ်ပင်မည့် ဥပဒေကြမ်းတစ်ရပ်ကို လွှတ်တော်အမတ်များ ယမန်နေ့က အတည်ပြုလိုက်ကြောင်း သိရသည်။

အောက်လွှတ်တော်ဖြစ်သော အမျိုးသားလွှတ်တော်သည် ဇန်နဝါရီ ၂၆ မှ ၂၇ ရက်အထိ တစ်ညလုံးကြာမြင့်ခဲ့သည့် ဆွေးနွေးမှုတွင် အဆိုပါဥပဒေမူကြမ်းကို ထောက်ခံမဲ ၁၃၀၊ ကန့်ကွက်မဲ ၂၁ မဲဖြင့် အတည်ပြုခဲ့သည်။

ယင်းဥပဒေမူကြမ်းသည် ဥပဒေအဖြစ် တရားဝင်အတည်မပြုမီ အထက်လွှတ်တော်သို့ ဆက်လက်ပေးပို့သွားမည်ဖြစ်သည်။

ထိုမဲခွဲဆုံးဖြတ်မှုသည် ပြင်သစ်ကလေးငယ်များနှင့် လူငယ်များကို ကာကွယ်ရန်အတွက် အဓိကကျသော ခြေလှမ်းတစ်ရပ်ဖြစ်သည်ဟု အိတ်ခ်စ်လူမှုကွန်ရက်တွင် သမ္မတ မာခရွန်က ရေးသားချီးကျူးခဲ့ကြောင်း သိရသည်။ Mon

၀-၀-၀-၀-၀



## ဩစတြေးလျနိုင်ငံ အရှေ့တောင်ဘက်ပိုင်းတွင် အပူလှိုင်းဖြတ်သန်း၊ ဝိတိုရိယပြည်နယ်ရှိ မီးသတ်သမားများ တောမီးငြိမ်းသတ်နေရ

ကင်ဘာရာ ဇန်နဝါရီ ၂၇

ဩစတြေးလျနိုင်ငံ အရှေ့တောင်ဘက်ပိုင်းတွင် စံချိန်တင် အပူလှိုင်းဖြတ်သန်းမှုနှင့်အတူ ဝိတိုရိယပြည်နယ်ရှိ မီးသတ်သမားများသည် အနည်းဆုံး အဓိကတောမီးခြောက်နေရာကို ငြိမ်းသတ်ရန် ကြိုးပမ်းနေကြကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဒေသတွင်းသတင်းဌာနဖြစ်သော အေဘီစီသတင်း၏ ဖော်ပြချက်အရ လက်ရှိတွင် မီးလောင်မှုနှစ်ခုသည် အရေးပေါ်အဆင့်တွင် ရှိနေသည်။ လူမှုအသိုက်အဝန်းအများအပြားအတွက် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန်၊ စောင့်ကြည့်ရန် သို့မဟုတ် ဘေးကင်းရာနေရာများတွင် ခိုလှုံရန် အရေးပေါ်သတိပေးချက်များကို ထုတ်ပြန်ထားသည်။

အခြေအနေများမှာ လျင်မြန်စွာ ပြောင်းလဲနေကြောင်း မီးသတ်အရာရှိများက သတိပေးထားပြီး နောက်ဆုံးထုတ်ပြန်ချက်များကို အစဉ်မပြတ် စောင့်ကြည့်ကြရန် ဒေသခံများကို တိုက်တွန်းထားသည်။

ထိုပြည်နယ်အတွင်းရှိ အချို့သော ဒေသများတွင် စံချိန်တင် အပူချိန်မြင့်ဆုံးသို့ ရောက်ရှိနေပြီး နေရာတစ်ခုတွင် ၄၈ ဒသမ ၉ ဒီဂရီစင်တီဂရိတ်အထိ ရှိခဲ့ကြောင်းနှင့် မဲလ်ဘုန်းမြို့တွင် အပူချိန် ၄၃ ဒီဂရီစင်တီဂရိတ်ကို မှတ်တမ်းတင်ထားကြောင်း သိရသည်။ Mon

## အိုမန်ကမ်းလွန်၌ လှေနစ်မြုပ်၊ ခရီးသွား သုံးဦးသေဆုံး

မူးစကတ် ဇန်နဝါရီ ၂၇

အိုမန်နိုင်ငံ မူးစကတ်ခရိုင် မူးတြားမြို့ ကမ်းလွန်တွင် ဇန်နဝါရီ ၂၇ ရက်က လှေတစ်စင်းနစ်မြုပ်မှုကြောင့် ပြင်သစ်ကမ္ဘာလှည့်ခရီးသွားသုံးဦး သေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း ဒေသမီဒီယာ၏ ဖော်ပြချက်အရ သိရသည်။ အဆိုပါမတော်တဆမှုဖြစ်ပွားချိန်တွင် လှေပေါ်၌ ပြင်သစ်ကမ္ဘာလှည့်ခရီးသွား ၂၅ ဦး လိုက်ပါလာကြောင်း Times of Oman သတင်းစာ၏ ဖော်ပြချက်အရ သိရသည်။ အရေးပေါ်ဖုန်းခေါ်ဆိုမှုတစ်ခု လက်ခံရရှိပြီးနောက် အရပ်ဘက်ကာကွယ်ရေးနှင့် လူနာတင်ယာဉ်အာဏာပိုင်အဖွဲ့မှ ကယ်ဆယ်ရေးနှင့် လူနာတင်အသင်းအဖွဲ့များသည် အခင်းဖြစ်ပွားသည့်နေရာသို့သွားရောက်ပြီး တုံ့ပြန်ဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ကြကြောင်း၊ အခြားခရီးသည် နှစ်ဦးမှာ အသေးစားထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အခင်းဖြစ်ပွားသည့်နေရာတွင်ပင် ဆေးဝါးကုသမှုခံယူခဲ့ကြောင်း သိရသည်။ လက်တလောတွင် အသက်ရှင်လွတ်မြောက်သူများနှင့် သေဆုံးသူများ၏ မိသားစုများကို ထောက်ပံ့မှုများပေးနိုင်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ဆင်ဟွာ



## လာအိုနိုင်ငံ၌ အမျိုးသမီးများနှင့် ကလေးငယ်များကြားတွင် သွေးအားနည်းရောဂါဖြစ်ပွားမှု တားဆီးကာကွယ်ရန် လုပ်ဆောင်

ဗီယင်ကျန်း ဇန်နဝါရီ ၂၇

လာအိုနိုင်ငံအတွင်း အမျိုးသမီးများနှင့် ကလေးငယ်များကြားတွင် သွေးအားနည်းရောဂါဖြစ်ပွားမှုများကို တားဆီးကာကွယ်ရန်နှင့်လျှော့ချရန် ရည်ရွယ်သည့် အစီအစဉ်များနှင့် လမ်းညွှန်ချက်များကို ဆွေးနွေးရန် ကျန်းမာရေးဝန်ကြီးဌာနက အစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါအစည်းအဝေးကို နိုင်ငံ၏မြို့တော် ဗီယင်ကျန်း၌ ဇန်နဝါရီ ၂၆ ရက်က ပြုလုပ်ခဲ့ပြီး ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြကြောင်း ဇန်နဝါရီ ၂၇ ရက်က ဒေသတွင်း Pasaxon သတင်းစာတွင် ဖော်ပြထားသည်။

သွေးအားနည်းရောဂါမှာ ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေးပြဿနာကြီးတစ်ရပ်အဖြစ် ဆက်လက်ရှိနေကြောင်း၊ အထူးသဖြင့် ကလေးငယ်များ၊ အရွယ်ရောက်စမိန်းကလေးများ၊ ကလေးမွေးဖွားနိုင်သည့်အရွယ် အမျိုးသမီးများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် မီးဖွားပြီးစ မိခင်များကြားတွင်ဖြစ်ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးမြှင့်တင်မှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ကက်ကဆုန် ဖရာစီဆုမ်ဘတ်က အစည်းအဝေးတွင် ပြောကြားသည်။

လာအိုနိုင်ငံ၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များမှာ သွေးအားနည်းရောဂါ ဖြစ်ပွားနိုင်ခြေမြင့်မားကြောင်း၊ အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ရယူရန် အကန့်အသတ်ရှိသော ကျေးလက်ဒေသများတွင် နေထိုင်သူများမှာ ဖြစ်ပွားနိုင်ခြေမြင့်မားကြောင်း သိရသည်။ ဆင်ဟွာ

# နိုင်ငံတကာ အားကစား သတင်းများ

## 2026 Australian Open အမျိုးသားတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Ben Shelton တက်ရောက်



**မဲလ်ဘုန်း ဇန်နဝါရီ ၂၇**

ဩစတြေးလျနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော နာမည်ကျော် တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Australian Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ အမေရိကန်တင်းနစ်ကစားသမား Ben Shelton တက်ရောက်ခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်ကစားသမား Ben Shelton သည် 2026 Australian Open တင်းနစ်ပြိုင်ပွဲစတုတ္ထအဆင့်တွင် နော်ဝေတင်းနစ်ကစားသမား Casper Ruud အား ၃-၆၊ ၆-၄၊ ၆-၃၊ ၆-၄ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Australian Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား Ben Shelton နှင့်အီတလီတင်းနစ်ကစားသမား Jannik Sinner တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ဝဲပုံ)

(NGB)


## ဟာရယ်လ်ဆန် လိုင်လီအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**ပါရီ ဇန်နဝါရီ ၂၇**

လိုင်လီအသင်းသည် အသင်းကွင်းလယ်ကစားသမား ဟာရယ်လ်ဆန်အား ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် လိုင်လီအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၁၀၀ကစားပြီး ၁၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ဟာရယ်လ်ဆန်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်" ဟု ပြောသည်။



(အပေါ်ပုံ)

(NGB)

## ကမ္ဘာ့တန်ဖိုးအမြင့်ဆုံး အမျိုးသမီးဘောလုံးသမားအဖြစ် ထရီနီတီရော့ဒ်မန်း မှတ်တမ်းဝင်

**လန်ဒန် ဇန်နဝါရီ ၂၇**

တိုက်စစ်မှူး ထရီနီတီရော့ဒ်မန်းသည် ဝါရှင်တန်စပရစ်အမျိုးသမီးအသင်းနှင့် သုံးနှစ်စာချုပ်သစ် ချုပ်ဆိုပြီးနောက် ကမ္ဘာ့တန်ဖိုးအမြင့်ဆုံး အမျိုးသမီး ဘောလုံးသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ယခု စာချုပ်သစ်ကြောင့် တစ်နှစ်ဒေါ်လာ နှစ်သန်းအထိ ရရှိခဲ့မှုကြောင့် ယခုကဲ့သို့ ကမ္ဘာ့တန်ဖိုးအမြင့်ဆုံး အမျိုးသမီး ဘောလုံးသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး ထရီနီတီရော့ဒ်မန်းသည် ဝါရှင်တန်စပရစ်အမျိုးသမီးအသင်းနှင့်အတူ ၂၀၂၁မှ ၂၀၂၅ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၁၁၆ပွဲကစားကာ ၃၄ ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ထရီနီတီရော့ဒ်မန်းက "ကျွန်မ အခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ ဝါရှင်တန်စပရစ်အမျိုးသမီးအသင်းနဲ့အတူ အောင်မြင်မှုများ ရရှိအောင်လည်း အစွမ်းကုန် ကြိုးစားသွားမှာပါ။ ဒီအသင်းက ကျွန်မအတွက်တော့ ကြီးကျယ်ခမ်းနားတဲ့ အသင်းတစ်သင်းပါ" ဟု ပြောသည်။

(အောက်ပုံ) (NGB)



## နည်းပြ စီဖူရန်တီအား နည်းပြရာထူးမှ လက်စတာစီးတီးအသင်းထုတ်ပယ်

**လန်ဒန် ဇန်နဝါရီ ၂၇**

လက်စတာစီးတီးအသင်းသည် အသင်းနည်းပြ စီဖူရန်တီအား နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။



လက်စတာစီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီ အင်္ဂလိပ်ချန်ပီယံရှစ်ပွဲစဉ်၂၉ပွဲ ကစားအပြီးတွင် ရမှတ် ၃၈မှတ်ဖြင့် အဆင့် ၁၄နေရာတွင်ရပ်တည်ပြီး ရလဒ်များအလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြ စီဖူရန်တီအား ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ စီဖူရန်တီသည် လက်စတာစီးတီးအသင်းအား ၂၀၂၅ခုနှစ် ဇူလိုင် ၁၅ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၃၁ပွဲတွင် ၁၁ပွဲနိုင်၊ ၉ပွဲသရေ၊ ၁၁ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

လက်စတာစီးတီးအသင်း ထုတ်ပြန်ချက်တွင် "နည်းပြစီဖူရန်တီအား ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ" ဟု ထုတ်ပြန်သည်။

(ဝဲပုံ) (NGB)

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၅) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၈-၁-၂၀၂၆ ဗုဒ္ဓဟူးနေ့ | ညနေ၃း၃၀နာရီ | (၁၂)ရာမည - မဟာ(၇)<br>(L,L,W,L,D) (D,L,W,D,W) | ——— |

## မစ်ကီဗန်ဒီဗန် စပါးအသင်းတွင် ဆက်ရှိသွားမည်

**လန်ဒန် ဇန်နဝါရီ ၂၇**

နောက်ခံကစားသမား မစ်ကီဗန်ဒီဗန်အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး အသင်းတွင်သာ ဆက်ရှိသွားမည်ဟု စပါးအသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။ (ယာပုံ)



အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် လီဗာပူးအသင်းအပါအဝင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက အသင်းတွင်သာ ဆက်ရှိသွားမည် ဖြစ်သည်။

နောက်ခံကစားသမား မစ်ကီဗန်ဒီဗန်သည် စပါးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၁ ပွဲကစားပြီး ၁၀ဂိုးအထိ သွင်းယူထားသည်။

စပါးအသင်း၏ထုတ်ပြန်ချက်တွင် "မစ်ကီဗန်ဒီဗန် အသင်းမှာ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်" ဟု ထုတ်ပြန်သည်။

(NGB)

## ဂရစ်ဇ်မန်း ကြွက်သားဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိ

**မက်ဒရစ် ဇန်နဝါရီ ၂၇**

အက်သလက်တီကိုမက်ဒရစ်အသင်း တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် ကြွက်သားဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ် ရှိနေသည်။

အဆိုပါ တိုက်စစ်မှူးသည် အက်သလက်တီကိုမက်ဒရစ်အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။



တိုက်စစ်မှူး ဂရစ်ဇ်မန်း ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၄)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၈၂ပွဲကစားပြီး ၆၇ ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

(ဝဲပုံ)

(NGB)

### ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ(အမှတ်ပေးလိဂ်အဆင့်)(ပွဲစဉ်-၈) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၂၉-၁-၂၀၂၆ ကြာသပတေးနေ့ | နံနက်၀၂း၃၀နာရီ | (၃၂)အေဂျက်စ် - အိုလံပီယာကို့စ်(၂၄)<br>(နယ်သာလန်-၃) (ဂရိ-၂) | အေဂျက်စ် ၁-၀ အိုလံပီယာကို့စ်<br>(၁၉-၇-၂၀၂၄ခြေစမ်းပွဲ) |
| ။ | ။ | (၁)အာဆင်နယ် - ကိုင်ရတ်(၃၆)<br>(အင်္ဂလန်-၁) (ကာဇတ်စတန်-၁) | ——— |
| ။ | ။ | (၁၂)အက်သလက်တီကို - ဘိုဒို(၂၀)<br>(စပိန်-၃) (နော်ဝေ-၂) | ——— |
| ။ | ။ | (၉)ဘာစီလိုနာ - ကိုပင်ဟေဂင်(၂၆)<br>(စပိန်-၁) (ဒိန်းမတ်-၅) | ဘာစီလိုနာ ၂-၀ ကိုပင်ဟေဂင်<br>ကိုပင်ဟေဂင် ၁-၁ ဘာစီလိုနာ |
| ။ | ။ | (၂၀)လေဗာကူဆင် - ဗီလာရီးရဲလ်(၃၅)<br>(ဂျာမနီ-၆) (စပိန်-၄) | လေဗာကူဆင် ၀-၀ ဗီလာရီးရဲလ်<br>ဗီလာရီးရဲလ် ၂-၀ လေဗာကူဆင် |
| ။ | ။ | (၂၉)ဘင်ဖီကာ - ရီးရဲလ်မက်ဒရစ်(၃)<br>(ပေါ်တူဂီ-၃) (စပိန်-၂) | ဘင်ဖီကာ ၅-၂ ရီးရဲလ်မက်ဒရစ်<br>(၂၀-၇-၂၀၁၂ခြေစမ်းပွဲ) |
| ။ | ။ | (၁၆)ဒေါ့မွန် - အင်တာမီလန်(၁၄)<br>(ဂျာမနီ-၂) (အီတလီ-၁) | ဒေါ့မွန် ၃-၂ အင်တာမီလန်<br>အင်တာမီလန် ၂-၀ ဒေါ့မွန် |
| ။ | ။ | (၃၃)ဖရန့်ဖတ် - စပါး(၅)<br>(ဂျာမနီ-၈) (အင်္ဂလန်-၁၄) | ဖရန့်ဖတ် ၀-၁ စပါး<br>စပါး ၁-၁ ဖရန့်ဖတ် |
| ။ | ။ | (၄)လီဗာပူး - ကာရာဘတ်(၁၈)<br>(အင်္ဂလန်-၆) (အဇာဘိုင်ဂျန်-၂) | ——— |
| ။ | ။ | (၁၁)မန်စီးတီး - ဂါလာတာစာရေး(၁၇)<br>(အင်္ဂလန်-၂) (တူရကီ-၁) | ——— |
| ။ | ။ | (၂၁)မိုနာကို - ဂျူဗင်တပ်(၁၅)<br>(ပြင်သစ်-၁၀) (အီတလီ-၅) | မိုနာကို ၀-၂ ဂျူဗင်တပ်<br>ဂျူဗင်တပ် ၂-၁ မိုနာကို |
| ။ | ။ | (၆)ပီအက်စ်ဂျီ - နယူးကာဆယ်(၇)<br>(ပြင်သစ်-၁) (အင်္ဂလန်-၉) | ပီအက်စ်ဂျီ ၁-၁ နယူးကာဆယ်<br>နယူးကာဆယ် ၄-၁ ပီအက်စ်ဂျီ |
| ။ | ။ | (၂၅)နာပိုလီ - ချဲလ်ဆီး(၈)<br>(အီတလီ-၄) (အင်္ဂလန်-၅) | နာပိုလီ ၃-၁ ချဲလ်ဆီး<br>ချဲလ်ဆီး ၄-၀ နာပိုလီ |
| ။ | ။ | (၂၂)PSV - ဘိုင်ယန်မြူးနစ်(၂)<br>(နယ်သာလန်-၁) (ဂျာမနီ-၁) | PSV ၁-၂ ဘိုင်ယန်မြူးနစ်<br>ဘိုင်ယန်မြူးနစ် ၄-၁ PSV |

မှတ်ချက်။ ()အတွင်းမှ ရလဒ်များသည် ပြိုင်ပွဲဝင်(၃၆)သင်း၏ ချန်ပီယံလိဂ် အမှတ်ပေး လိဂ်အဆင့်များဖြစ်သည်။

# ပုဂံညောင်ဦးဒေသ ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရေး ကွင်းဆင်းဆောင်ရွက်

**ညောင်ဦး ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသတွင် ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရေးအတွက် ဇန်နဝါရီ ၂၆ ရက်က ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းဆိုင်ရာ လမ်းသစ်များ ဖော်ဆောင်ခြင်း၊ လမ်းဘေး(ဝဲ၊ယာ) ချဲ့ထွင်ခြင်းနှင့် သစ်ပင်ချုံနွယ်များ ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး(ခေတ္တ) ဦးရဲစုပိုင် ဦးဆောင်၍ ဆောက်လုပ်ရေးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ပုဂံညောင်ဦးဒေသ၌ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရန် ဝက်ကြီးအင်း-မြစည်းခုံဘုရားသွားလမ်း၊ ဝက်ကြီးအင်း-အလိုတော်ပြည့်ဘုရားသွားလမ်း၊ အလိုတော်ပြည့်ဘုရား-ဝဋ္ဋနတောဘုရားစုလမ်း၊ အနော်ရထာ နှစ်လမ်းသွားလမ်းပိုင်းမှ ဆူးလေကုန်းဘုရားသွားလမ်း၊ ကျန်စစ်သားဥမင်စာသင်တိုက်- တောင်ပုံလောကနာထလမ်းပိုင်း၊ အနော်ရထာနှစ်လမ်းသွားလမ်း-မြေပုံသာဘုရားလှ-ရွှေဆံတော်ဘုရားသွားလမ်း၊ ရွှေဆံတော်-မင်္ဂလာစေတီလမ်း၊ ရွှေဆံတော်ဘုရား-တောင်ဂူနီ-မြောက်ဂူနီဘုရားသွားလမ်း၊ ညောင်လက်ဖက်ကန်-သင်္ကန်းရုံဘုရားလမ်းပိုင်းတို့အား ခရီးသွားဧည့်သည်များ အဆင်ပြေစွာ သွားလာလည်ပတ်နိုင်ရေးအတွက် ဂျင်း၊ မြေနီလမ်းခင်းခြင်း၊ လမ်းဘေး(ဝဲ၊ယာ)ချဲ့ထွင်ခြင်း၊ သစ်ပင်ချုံနွယ်များ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။



ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသသည် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ စိတ်ဝင်တစားလာရောက်လည်ပတ်သည့်နေရာတစ်ခုဖြစ်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများက ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရန်နှင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းဆိုင်ရာလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဲဝဲပုံ) (၄၄၅)



# အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအတွက် အလှူငွေများ ဆက်ကပ်လှူဒါန်း

**မိုင်းယောင်း ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် ရှေးဟောင်းသမိုင်းဝင်ပုဗ္ဗဝိဇယဆုတောင်းပြည့်စေတီတော်၌ ဇန်နဝါရီ ၂၈ ရက်တွင် ရွတ်ဖတ်ပူဇော်မည့် အသံမစဲမဟာပဋ္ဌာန်းပွဲအတွက် အလှူရှင်များက ယမန်နေ့တွင် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထိုသို့ ဆက်ကပ်လှူဒါန်းရာတွင် အသံမစဲမဟာပဋ္ဌာန်းဖွင့်ပွဲအတွက် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းအတွက် အလှူငွေကျပ် ကိုးသိန်းအား ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းဆရာတော်ထံ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မျိုးအေးချိုသည် ထေရဝါဒ ဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းဆရာတော်အားလည်းကောင်း၊ ထေရဝါဒဗုဒ္ဓသာသနာပြု(မိုင်းဟန်)ကျောင်းဆရာတော်အားလည်းကောင်း မဟာပဋ္ဌာန်းကျမ်းတော်မြတ် အတွဲ(၁၊၂၊၃၊၄၊၅)အား အသီးသီး ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၅၀၅)

# သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)တွင် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပ

**စစ်ကိုင်း ဇန်နဝါရီ ၂၇**

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)တွင် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ အတွေ့အကြုံ ရှင်းလင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါတက္ကသိုလ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ်ဒေါက်တာ ဥမ္မာစံ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ သင်ကြား၊ စီမံဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လူငယ်အားမာန်တိုင်းပြည်အဖိုးတန် Video Clip အား ပြသခဲ့ပြီး ပါမောက္ခချုပ် ဒေါက်တာဥမ္မာစံက အဖွင့်အမှာစကား ပြောကြားပြီး နေပြည်တော်တွင် ကျင်းပခဲ့သော လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ သို့ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သော မောင်အာကာထွန်းလင်းနှင့် မထက်ထက်ဝင်းသူတို့က အတွေ့အကြုံများကို ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပါမောက္ခချုပ် ဒေါက်တာဥမ္မာစံက နိဂုံးချုပ်အမှာစကားပြောကြားပြီး လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ လူငယ်ကြေညာစာတမ်းကို ဖတ်ကြားကာ စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

နေလင်းအောင်(မြန်/ဆက်)



# စိန်နန်းကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**ခန္တီး ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ခန္တီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် စိန်နန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းရာတွင် ခန္တီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမိုး၊ ခန္တီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထက်ဥမ္မာခင်နှင့် တာဝန်ခံအင်ဂျင်နီယာများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ စိန်နန်းကျေးရွာ ကုန်ထုတ်လမ်းအရှည် တစ်မိုင် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ မြေသား တစ်ပေ၊ ဂျင်းကျောက် ကိုးလက်မ၊ ကုန်ထုတ်လမ်းဖောက်လုပ်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၇၈ ဒသမ ၂၃၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် Chindwin Light ကုမ္ပဏီမှ တာဝန်ယူ၍ ယခုဘဏ္ဍာနှစ်အောက်တိုဘာလ ပထမအပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး၍ လက်ပံသာကျေးရွာရှိ တောင်သူများ၏ လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ် သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ (၀၄၀)

# မုန့်ပေါင်းကျေးရွာ၌ စိုက်ပျိုးထားသော ဆောင်းကုလားပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်းသီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ မုန့်ပေါင်းကျေးရွာ၌ တောင်သူ ဦးကိုကိုလေး စိုက်ပျိုးထားသော ဆောင်းကုလားပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ဆောင်းကုလားပဲများ စိုက်ပျိုးရာတွင် မြေအစိုဓာတ်ရှိချိန်တွင် စနစ်တကျ မြေပြုပြင်စိုက်ပျိုးမှုသာ အပင်ပေါက် ညီညာ၍ အပွင့်ဝင်ချိန်၌ အစိုဓာတ်မပြတ်ရေသွင်းပေးနိုင်ပါက အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းကြောင်း ကုလားပဲစိုက်တောင်သူများက ပြောသည်။

ကျောက်ဆည်မြို့နယ်၌ ဆောင်းကုလားပဲများကို တိုက်နယ်(၁)မှ ကျေးရွာအုပ်စုများတွင် ၁၇၆၇ ဧက၊ တိုက်နယ်(၂)မှ ကျေးရွာအုပ်စုများတွင် ၂၁၃၁ ဧက၊ တိုက်နယ်(၃)မှ ကျေးရွာအုပ်စုများတွင် ၄၆၄၃ ဧက၊ တိုက်နယ်(၄)မှ ကျေးရွာအုပ်စုများတွင် ၁၅၇၆ ဧက၊ တိုက်နယ်(၅)မှ ကျေးရွာအုပ်စုများတွင် ၂၄၃၁ ဧက၊ တိုက်နယ်(၆)မှ ကျေးရွာအုပ်စုများတွင် ၁၉၁၃ ဧက၊ တိုက်နယ်(၇)မှ ကျေးရွာအုပ်စုများတွင် ၂၂၁ ဧက၊ တိုက်နယ်(၈)မှ ကျေးရွာအုပ်စုများတွင် ၄၃၀၂ ဧက၊ တိုက်နယ်(၉)မှ ကျေးရွာအုပ်စုများတွင် ၃၀၇၆ ဧက၊ တိုက်နယ်(၁၀)မှ ကျေးရွာအုပ်စုများတွင် ၃၇၅၉ ဧက၊ တိုက်နယ်(၁၁)မှ ကျေးရွာအုပ်စုများတွင် ၂၄၆၁ ဧက၊ တိုက်နယ်(၁၂)မှ ကျေးရွာအုပ်စုများတွင် ၃၈၁၉ ဧက စိုက်ပျိုးထားသည်။

ကျောက်ဆည်ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကုလားပဲစိုက်တောင်သူများဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသည့် ရေဆင်း(၆)၊ ရေဆင်း(၁၂)၊ ကုလားပဲ အနီမျိုးများနှင့် ရေဆင်း(၃)၊ ရေဆင်း(၈)၊ ရေဆင်း(၁၁)၊ ရေဆင်း(၁၃) ကုလားပဲအဖြူမျိုးများကို ဖြန့်ဝေပေးလျက်ရှိပြီး ကုလားပဲသီးနှံများ အောင်မြင်ဖြစ်ထွန်းရေး၊ လိုအပ်သည့် နည်းပညာများ ကူညီပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၅)





# စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်ရှိ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့ နံနက် ၉ နာရီက ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးရာ ဝန်ကြီး ဦးမင်းမင်းလွင်နှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီး ဦးနေဝင်းအောင်တို့က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘင်ခရာ၊ ပန်းဖွားနှင့် အကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကာယ၊ ဉာဏပြိုင်ပွဲများ၊ စာအုပ်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် ပြခန်းတို့အား ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အခမ်းအနားကို သုံးထပ်ဆောင် ဟောခန်းမ၌ ကျင်းပခဲ့ရာ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "အလှဆုံးပန်းများ ပွင့်ကြပြီ" သီချင်းဖြင့် တေးသရုပ်ဖော်သီဆိုခဲ့ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်စန္ဒာသက် (စာရေးဆရာမငွေခြည်လင်းလက်)က သုတ၊ ရသစာအုပ်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းရာ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးက လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၃၆၈)**

# သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်း လျော့နည်းစေရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**သရက် ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းလျော့နည်းစေရေး အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက သရက်မြို့ စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းဇော် ဦးဆောင်သည့် တိုင်းမြေအသုံးချရေး၊ တိုင်းမျိုးစေ့နှင့် တိုင်းသီးနှံကာကွယ်ရေးပညာရှင်များက ပိုးသတ်ဆေးဓာတ်ကြွင်း လျော့နည်းပြီး စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ပြည်ပပို့ကုန်သီးနှံများ၏ အရည်အသွေးကောင်းမွန်စေရေး အတွက် ဦးဆောင်ဆွေးနွေးခဲ့ကြသည်။ သရက်ခရိုင်အတွင်း ပဲမျိုးစုံသီးနှံစိုက်ဧရိယာ ၁၉၀၈၇၀ ဧက၊ မတ်ပဲသီးနှံ ၄၄၆၇၇ ဧကနှင့် ပဲတီစိမ်းသီးနှံ ၅၀၁၇၇ ဧက စိုက်ပျိုးထားရှိပြီး ထွက်ရှိလာသည့် သီးနှံများကို ဒေသတွင်း စားသုံးရန်သာမက ပြည်ပသို့ တင်ပို့ရောင်းချရန် စိုက်ပျိုးထုတ်လျက်ရှိသည်။ စိုက်ပျိုးထားရှိသည့် ဆောင်းရာသီ သီးနှံများဖြစ်သည့် မတ်ပဲနှင့် ပဲတီစိမ်းများတွင် ပိုးသတ်ဆေး ဓာတ်ကြွင်း လျော့နည်းစေရေးအတွက် ပိုးသတ်ဆေးသုံးစွဲမှုလျှော့ချပြီး ပန်းတိုင်အထွက်နှုန်းကို မထိခိုက်စေဘဲ ဓာတ်ကြွင်းလျော့နည်းသော သီးနှံများ ထုတ်လုပ်ရရှိရန် သီးနှံစိုက်တောင်သူများအနေဖြင့် မိမိတို့၏ စိုက်ခင်းအား အမြဲမပြတ် ပိုးမွှား၊ ရောဂါနှင့် ပေါင်းများအား ကြိုတင်ကင်းထောက်စစ်ဆေးခြင်း အပင်သက်တမ်းအလိုက် ကျရောက်သော ဖျက်ပိုးများအား ဘက်စုံကာကွယ် နှိမ်နင်းနည်းများ အသုံးပြု၍ ကာကွယ်နှိမ်နင်းခြင်း၊ ပိုးသတ်ဆေးအုပ်စုများကို ပြောင်းလဲအသုံးပြုခြင်း၊ ပိုးသတ်ဆေးဥပဒေများအား သိရှိနားလည်၍ ပိုးသတ်ဆေး စနစ်တကျသုံးစွဲခြင်း၊ မျိုးကောင်းမျိုးသန့်များအား စနစ်တကျရွေးချယ်စိုက်ပျိုးခြင်းနှင့် မြေဆီလွှာပြုပြင်မှုများအား လိုက်နာဆောင်ရွက်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး အဆိုပါ ဆွေးနွေးပွဲသို့ သရက်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၅)အုပ်စုမှ တောင်သူ ၅၀ ဦး တက်ရောက်၍ ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ဇော်ထက်(သရက်)**

၀-၀-၀-၀-၀

# စိုက်ပျိုးရေး မိုးလေဝသခန့်မှန်းချက် ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ကာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပါသည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် အရှေ့ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် အများအားဖြင့် သာယာမည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆၄ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီ ဖာရင်ဟိုက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည် နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၅ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၆ ဒီဂရီဖာရင်ဟိုက်မှ ၉၆ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၃၄ ဒီဂရီဖာရင်ဟိုက်မှ ၄၅ ဒီဂရီဖာရင်ဟိုက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ၄၆ ဒီဂရီဖာရင်ဟိုက်မှ ၅၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၅၇ ဒီဂရီဖာရင်ဟိုက်မှ ၆၈ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၅၆ ရာခိုင်နှုန်းမှ ၆၆ရာခိုင်နှုန်းအတွင်း မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၆၇ ရာခိုင်နှုန်းမှ ၇၇ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၇၈ ရာခိုင်နှုန်းမှ ၈၈ ရာခိုင်နှုန်းအတွင်း ရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၃ မီလီမီတာမှ ၂၃ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၄ မီလီမီတာမှ ၃၄ မီလီမီတာအတွင်း ရှိနိုင်ကြောင်း စိုက်ပျိုးရေး မိုးလေဝသဌာနခွဲမှ ထုတ်ပြန်ထားသည်။

**ရွှေမန်း**



# မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**မန္တလေး ဇန်နဝါရီ ၂၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ အမှတ်(၂၅) အခြေခံပညာအထက်တန်းကျောင်း မြရတနာပုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အမှတ်(၈၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (အောင်မြေသာစံ)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူး မိုးမင်းဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၂)နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် အုန်းကျော်မင်းနှင့်တပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးဒေါ်စုစုဝေနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၄၅၀ ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယရဲမှူး မိုးမင်းဝင်းက အဖွင့်အမှာစကားနှင့် ဟောပြောပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး ဒုတိယရဲအုပ် အောင်ကိုထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာအကြောင်းကိုလည်းကောင်း၊ စခန်းမှူး ရဲအုပ် အုန်းကျော်မင်းက မှုခင်းကျဆင်းရေး၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးအကြောင်းကိုလည်းကောင်း အသီးသီး အသိပညာပေး ဟောပြောဆွေးနွေးကြရာ ကျောင်းအုပ် ဆရာမကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(၀၉၃)**



# အသက်(၇၅)နှစ်နှင့်အထက် ပင်စင်စား(အငြိမ်းစား)ဝန်ထမ်းများအား ဂါရဝပြုအခမ်းအနား

၂၀-၁၂-၂၀၂၅ ရက် နေ့လယ်ပိုင်းတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ဖုန်းဝင်လာသည့်အခါ ဖုန်းကို ကိုင် လိုက်ရာ၌ ကော်မတီ ဘဏ္ဍာရေးဌာနမှ အမျိုးသမီးဝန်ထမ်းဖြစ်ပါ ကြောင်း၊ ၂၄-၁၂-၂၀၂၅ ရက်(ဗုဒ္ဓဟူးနေ့)မှာ ကော်မတီရုံး၊ မြို့တော် ခန်းမတွင် အသက်(၇၅)နှစ်နှင့်အထက် ပင်စင်စား(အငြိမ်းစား) ဝန်ထမ်းများအား ဂါရဝပြုအခမ်းအနားရှိပါကြောင်း၊ ဆရာတက်နိုင် မှုရှိ၊ မရှိ သိလိုပါကြောင်း မေးမြန်းလာပါတယ်။ ကျွန်တော်လည်း အံ့သြစွာနှင့် တက်ပါမည့်အကြောင်း ပြန်ပြောလိုက်ပါတယ်။ ဘာလိုလို နှင့် အသက်(၇၅)နှစ်ကျော်ပြီဖြစ်တဲ့ ကျွန်တော်၏ မွေးနေ့က ၉- ၁၂-၁၉၅၀ ဆိုတော့ (၇၅)နှစ်ကို ရက်ပိုင်းပဲ ကျော်တာဖြစ်ပါတယ်။ ဂါရဝပြုခံရသူမှ ဂါရဝပြုခံ အငြိမ်းစားဘဝကို ရောက်ရှိလာပြီတဲ့။ ပင်စင်ယူလာခဲ့တာ ၂၀၁၀ ပြည့်နှစ် အသက်(၆၀)နှစ်ကဆိုတော့ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်မှာ (၇၅)နှစ်နှင့် ၁၅ ရက်ကျော်ရှိလာ ပြီပဲ။ အချိန်တွေက ကုန်တာမြန်လိုက်တာ။ (၁၆)နှစ်ဆိုသည့်ကာလ ဟာ ဘာမှကြာသည်လို့ မထင်လိုက်ရ။ ဝန်ထမ်းဘဝကို ၁၉၇၆ ခုနှစ် က စတာဆိုတော့ (၃၈)နှစ်တောင်ရှိပြီပဲ။ အသက်ကြီးမှန်းမသိကြီး လာပြီး အိုလာနေပြီပဲ။ အိုပြီးရင်တော့ ဇရာ၊ မရဏဆိုသည့်အတိုင်း သေမင်းနှင့် နောင်ဘယ်နှနှစ်နေရင် ကြုံရမလဲဆိုတာ မသိနိုင်ပါ။ နေ့မြင်ညပျောက် လူ့လောကကြီးထဲမှာ ကံပေးသလောက်နေကြ တာပေါ့။

အခမ်းအနားက ၁၀ နာရီမှာ စမယ်လို့ပြောတဲ့အတွက် ကျွန်တော်က တာဝန်ထမ်းဆောင်ခဲ့သည့်အချိန်ကလို ခန်းမသို့ ၁၅ မိနစ်စောရောက်အောင် သွားခဲ့ပါတယ်။ ခန်းမရောက်တော့ လုပ်ဖော် ကိုင်ဖက် အငြိမ်းစားဝန်ထမ်းများ အနည်းငယ်သာရောက်ရှိနေတာ တွေ့ရပါတယ်။ ဦးတင်အေး၊ ဦးကိုလေး၊ ဦးစိန်ထွန်း၊ ဦးသူရိန်၊ ဦးဝင်းမောင်၊ ဦးဖေသန်း၊ ဦးတင်ဦး၊ ဒေါ်မမြင့်သန်း၊ ဒေါ်ဝေဝေနှင့် အခြား အမျိုးသမီးဝန်ထမ်းများ၊ ယာဉ်မောင်းများ၊ ပိုက်ဆက်ဝန်ထမ်း များ စသည်ဖြင့် မိတ်ဟောင်းဆွေဟောင်း လုပ်ဖော်ကိုင်ဖက်များ ကိုလည်း ကျန်းမာရွှင်လန်းစွာနှင့် တွေ့မြင်ရတော့ ဝမ်းသာကြည် နူးရပါတယ်။ အချို့ကိုလည်း နာမည်မမှတ်မိတော့လို့ ခွင့်လွှတ် စေချင်ပါတယ်။ ဝန်ထမ်းများကို အမှုထမ်း၊ အရာထမ်း မခွဲခြား ဘဲ အသက်(၇၅)နှစ်နှင့်အထက် ပင်စင်စား(အငြိမ်းစား)များကို ဖိတ်ကြားထားတာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယခုမှ အသက် (၇၅)နှစ်ကျော်ရုံပဲရှိတော့ တက်ရောက်လာသူ ဝန်ထမ်းတွေထဲမှာ အငယ်ဆုံးဖြစ်မယ်ထင်ပါတယ်။ အသက်အကြီးဆုံးဝန်ထမ်းကတော့ ယခင်ဌာနမှူး ဦးမင်းစိန်(၉၇)နှစ်ပဲ ဖြစ်ပါတယ်။ ဒီနှစ်တော့ ဒူးနာ နေလို့ မတက်ရောက်နိုင်ဘူးလို့ သိရပါတယ်။ သက်ပြည့်ပင်စင်ရ ဖို့ဆိုတာ လွယ်ကူသည့်ကိစ္စတော့မဟုတ်ပါဘူး။ ဝန်ထမ်းတိုင်း မရနိုင်ပါ။ အလုပ်တာဝန်ထမ်းဆောင်စဉ်ကာလမှာ အလုပ်တာဝန် ကို ကျေပွန်စွာ ထမ်းဆောင်ခြင်း၊ အထက်အောက်ဝန်ထမ်းတွေနှင့် အပြန်အလှန်လေးစားမှုရှိခြင်း၊ အငှားပစ္စည်းဖြစ်သည့် ရာထူးတာဝန် ကို အလွဲသုံးစားနှင့် အလွန်အကျွံမပြုလုပ်ခြင်း၊ ကျန်းမာရေး ကောင်းမွန်ခြင်း၊ လူမှုရေးမဖောက်ပြန်ခြင်း၊ သည်းခံနိုင်ခြင်း စသည့် အကြောင်းကြောင်းကြောင့်ပဲ ဖြစ်ပါတယ်။ အချို့ဝန်ထမ်း အရာရှိတွေ အနေနှင့် ကျန်းမာရေးချို့ယွင်းခြင်း၊ မောက်မာစွာနှင့် အငှားပစ္စည်းကို အလွန်အကျွံသုံးစွဲခြင်း၊ လူမှုရေးဖောက်ပြန်ခြင်းတို့ကြောင့် အသက် မပြည့်ခင် အငြိမ်းစားယူခဲ့ရ၊ တာဝန်မှ အနားပေးခံရတာတွေ ရှိပါ တယ်။ အချို့လည်း လုပ်ငန်းတာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားကြ တာလည်း ရှိပါတယ်။ ကျွန်တော်တို့တစ်တွေကတော့ ကောင်းတယ်လို့ ဆိုရမှာပဲပေါ့။ ကျွန်တော်တို့ မိတ်ဟောင်းဆွေဟောင်းတွေ တာဝန်ထမ်း ဆောင်ခဲ့စဉ်က ရှေးဖြစ်ဟောင်းတွေ ပြောကြရတာ မမောနိုင်၊ မပန်း နိုင်ပါဘဲ။ ကျွန်တော်တို့အဖွဲ့တွေကို ကော်မတီအတွင်းရေးမှူး ဦးဝင်း မောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်းတို့ကလာပြီး ဝမ်းသာစွာ နှုတ်ဆက်ကြပါတယ်။ ဌာနမှူး များဖြစ်ကြသည့် ဒေါ်စံသာမွန်၊ ဒေါ်သက်သက်နိုင်၊ ဒေါ်နွယ်နွယ်ထွန်း တို့ကလည်း လာပြီး လေးစားစွာ နှုတ်ဆက်ခဲ့ကြပါတယ်။

၁၁ နာရီမှာ မြို့တော်ဝန် ဦးကျော်ဆန်းရောက်ရှိလာပြီး ကျွန်တော် တို့အဖွဲ့ကို လာနှုတ်ဆက်ပါတယ်။ မြို့တော်ဝန်ကလည်း အသက် (၇၇)နှစ်ရှိပြီး ကျန်းမာဖျတ်လတ်စွာ တွေ့ရပါတယ်။ မြို့တော်ဝန် နေရာယူပြီးသည့်နောက် အခမ်းအနား စတင်ခဲ့ပါတယ်။ အခမ်းအနား အစီအစဉ်အရ မြို့တော်ဝန်က ဂုဏ်ပြုအမှာစကား ပြောကြားရာ၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်တွင် (၃၃)နှစ်ပြည့်မြောက်တော့မည်ဖြစ်ပါကြောင်း၊ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ကော်မတီမှ ဆွမ်းဆက်ကပ် လှူဒါန်းခြင်း၊ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ ကျင်းပခြင်းအပြင် ယခုလို တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၇၅)နှစ်နှင့်အထက် ပင်စင်စား(အငြိမ်းစား)၊ စည်ပင်အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းများ ကို ဂါရဝပြုအခမ်းအနားသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အသက်အရွယ်ကြီးပြီး ဌာနတာဝန်များကို တာဝန်ကျေပွန် စွာ ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများကို ဂါရဝပြုရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပီတိဖြစ်ရပါကြောင်း၊ ယခုအချိန်တွင် အငြိမ်းစား ဝန်ထမ်း ၆၂၇ ဦးအား ပင်စင်ထုတ်ပေးလျက်ရှိပြီး ၁၁၂ ဦးကို ယခုအခမ်းအနားတွင် အမှတ်တရဂုဏ်ပြုသွားမှာဖြစ်ပါကြောင်း၊ စည်ပင်သာယာရေးကော်မတီသည် လူတစ်ဦးမွေးဖွားလာချိန်မှ ဘဝ အဆုံးသတ်သွားချိန်အထိ လူမှုဘဝလိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းတာဝန်ယူဆောင်ရွက်နေရပါကြောင်းနှင့် ဆောင်ရွက်ပေး နေရသည့် ဌာနကြီးတစ်ခုဖြစ်ပါကြောင်း၊ ကော်မတီတွင် တာဝန် ထမ်းဆောင်နေကြရသည့် ဝန်ထမ်းများအနေဖြင့် နှလုံးသွင်းစိတ်ထား မှန်ကန်စွာထားတတ်ကြမည်ဆိုလျှင် ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ သည့် လုပ်ငန်းဖြစ်သည့်အတွက် ဂုဏ်ယူစရာကောင်းပါကြောင်း၊ ယနေ့ အခမ်းအနားတွင် အသက်(၇၅)နှစ်နှင့်အထက် အငြိမ်းစားဝန်ထမ်းများ အား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းစီဖြင့် ဂါရဝပြုသွားမှာ ဖြစ်ပါကြောင်း၊ နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ လူကြီးမင်းများ အားလုံး ကျန်းမာရေးဂရုစိုက်ကြပြီး ကျန်းမာအောင်နေသွားကြရန်နှင့် ဘာသာသာသနာအကျိုးကို အထူးကြိုးစားဆောင်ရွက်ကြရန်၊ နှစ်စဉ် နှစ်တိုင်းလည်း ယခုလို ဂုဏ်ပြုအခမ်းအနားကို ကျင်းပမှာဖြစ်သည့် အတွက် လူကြီးမင်းများအားလုံး ကျန်းမာစွာ တက်ရောက်နိုင်ကြရန် ကြိုးစားစေလိုပါကြောင်း၊ ကျန်းမာချမ်းသာကြစေရန် ဆုတောင်း မေတ္တာပို့သအပ်ပါကြောင်း အစရှိသဖြင့် အကျယ်တဝင့် ပြောကြား သွားခဲ့ပါတယ်။

ဆက်လက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဖွံ့ဖြိုးတိုးတက်ဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုအား ၁၇ မိနစ်ခန့် စိတ်ဝင်စားဖွယ် ပြသခဲ့ပါတယ်။ ကောင်းမွန်လှတဲ့ ဗီဒီယို မှတ်တမ်းပါ။ မြို့တော်ဝန်၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများက အငြိမ်းစားဝန်ထမ်းများကို ဂုဏ်ပြုချီးမြှင့်ငွေကျပ် တစ်သိန်းစီနှင့် လက်ဆောင်ပစ္စည်းများကို နေရာအရောက် ဂါရဝပြုပေးအပ်ကြပါတယ်။ ဖျော်ဖြေရေးအဖွဲ့များမှ ဧည့်ခံဖျော်ဖြေရာတွင် ချမ်းအေးသာစံမြို့နယ် စည်ပင်သာယာအုပ်ချုပ် ရေးမှူးရုံးမှဝန်ထမ်းများက ထာဝရသစ္စာသီချင်းဖြင့်လည်းကောင်း၊ စီမံရေးရာဌာနမှ ဝန်ထမ်းများက အလှကမ္ဘာမြေသီချင်းဖြင့်လည်း ကောင်း၊ အမရပူရမြို့နယ် အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းများက နားပန်းဆံသီချင်းဖြင့်လည်းကောင်း တေးသရုပ်ဖော် ကပြဖျော်ဖြေ ကြရာ ကြည်နူးပျော်ရွှင်စရာကောင်းလှပါတယ်။ ဘက်စုံတော်ကြ တဲ့ ဝန်ထမ်းတွေပဲဖြစ်ပါတယ်။ အငြိမ်းစားများအား မြို့တော်ဝန်နှင့် ဝန်ထမ်းများက ဆီချက်ခေါက်ဆွဲဖြင့် ဧည့်ခံကျွေးမွေးခဲ့ပါတယ်။ ဘဏ္ဍာရေးဌာနမှူး၊ စီမံရေးရာဌာနမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဌာနမှူးတို့၏ ကြီးကြပ်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ကြသည့် အခမ်းအနားကတော့ အမှတ်တရရှိလှပါတယ်။

ဂုဏဝုဍ္ဍိ၊ ဝယဝုဍ္ဍိဆိုသည့်အတိုင်း ဂုဏ်အားဖြင့် ကြီးမြတ် သည့်သူ အသက်အရွယ်အားဖြင့် ကြီးမြတ်သူပုဂ္ဂိုလ်တို့အား ဂါရဝ ပြုခြင်း၊ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာမှာပါရှိသည့် ဂါရဝေါစ နိဝါတောစဟု ဆိုသည့်အတိုင်း ရိုသေလေးစားထိုက်သူများကို ရိုသေလေးစားခြင်း စသည်တို့ဟာ မင်္ဂလာရှိသော ကိစ္စရပ်တွေပဲ ဖြစ်ပါတယ်။ ခုလို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေနှင့် အသက် (၇၅)နှစ်နှင့်အထက် ပင်စင်စား(အငြိမ်းစား)အမှုထမ်း၊ အရာထမ်း၊ ဝန်ထမ်းကြီးများအား ဂါရဝပြုပွဲအခမ်းအနားကျင်းပပြီး အမှတ်တရ လက်ဆောင်နှင့် ငွေသား ကျပ်တစ်သိန်းစီ ချီးမြှင့်ခြင်းဟာ မင်္ဂလာ ရှိသော ကိစ္စရပ်တစ်ခုကို ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ နောင်နှစ်တွေ မှာလည်း အစဉ်အလာမပျက် ခုလိုမင်္ဂလာရှိတဲ့ အခမ်းအနားကို စေတနာထက်သန်စွာနှင့် ကျင်းပနိုင်ပါစေလို့ ဆန္ဒပြု ဆုတောင်း လျက်ပါ…။

**ထွန်းထွန်း**

## ပို့ကုန်ပဲများနှင့်အတူ မြေပဲလုံးဆန်ဈေးကွက် အဝယ်သွက်

ပို့ကုန် မတ်ပဲနှင့် ပဲစင်းငုံ များ အဝယ်သွက်နေပြီး မြေပဲလုံး ဆန်ဈေးကွက်မှာလည်း အဝယ် သွက်နေကြောင်း ကုန်သည်များ ထံမှ သိရသည်။

ဈေးကွက်အတွင်း မြေပဲလုံး ဆန်လက်ကျန် နည်းပါးလာခြင်း နှင့် အသစ်ဝင်ရောက်မည့် မြေပဲမှာ နှစ်လခန့် လိုသေးသောကြောင့် မြေပဲဆန်ဈေး မြင့်တက်လျက်ရှိ နေခြင်းဖြစ်သည်။

ဇန်နဝါရီ စတုတ္ထသီတင်းပတ် တွင် နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်လာသောကြောင့် ပို့ကုန် ပဲများ အဝယ်သွက်နေပြီး ပြည် တွင်း မြေပဲဆန် ဈေးကွက်မှာ လည်း ပဲဖတ်ဈေးနှုန်းကောင်းနေ ခြင်းကြောင့် မြေပဲလုံးဆန်ဈေး ကွက်မှာ တစ်ပိဿာ ငွေကျပ် ၁၀၀၀၀ အထိ ဈေးမြင့်တက်နေ ကြောင်း ပဲကုန်သည် ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"လက်ရှိ ပဲနှမ်းဈေးကွက်မှာ ခပ်သွက်သွက် အရောင်းအဝယ် ဖြစ်နေတာကတော့ မြေပဲဆန် တစ်မျိုးပဲ အရောင်းအဝယ်ကောင်း နေပါတယ်။ ပဲဖတ်ဈေးကလည်း ဈေးကောင်းနေပါတယ်။ နိုင်ငံခြား ငွေလဲလှယ်နှုန်း ဈေးကောင်းလာ တော့ ပို့ကုန်ပဲတွေ အကုန်အဝယ် ကောင်းနေပါတယ်။ မတ်ပဲဆိုရင် အရည်အသွေးအလိုက် အဝယ် ကောင်းပါတယ်။ ပဲအသစ် ဝင်နေ သော်လည်း လိုင်လိုင်မပေါ်သေး ပါဘူး။ ပဲအသစ်ပေါ်ချိန်မှာလည်း လမ်းပန်းဆက်သွယ်ရေးမှာ အပို ကုန်ကျစရိတ်တွေများနေတော့ တောင်သူတွေ သိပ်တွက်ခြေ မကိုက်နိုင်ပါဘူး"ဟု ၎င်းက ပြော သည်။

ဇန်နဝါရီ ၂၅ ရက်တွင် ပို့ကုန်ပဲများအဝယ်သွက်လာရာ ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ် လျှင် ငွေကျပ် ၂၈၇၀၀၀၊ မတ်ပဲ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေ ကျပ် ၂၆၉၀၀၀၊ ပဲတီစိမ်း(အညာ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေ ကျပ် ၃၀၀၀၀၀ အထိ ပေါက် ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲ အုပ်စုမှာ V2 ကုလားပဲ သုံးတင်း ဝင် တစ်အိတ်လျှင် ငွေကျပ် ၂၄၅၀၀၀၊ V7 သုံးတင်းဝင်တစ် အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၇၀၀၀၊ 929 ကုလားပဲ သုံးတင်းဝင်တစ် အိတ်လျှင် ငွေကျပ် ၂၃၈၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများ မှာ ဇန်နဝါရီ ၁၉ရက်တွင် ပဲကြီး တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၀၊ ပဲနီပြား(ကျွန်း) တစ်အိတ်လျှင် ငွေကျပ် ၄၈၅၀၀၀၊ ပဲထောပတ် (သစ်) တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ မြေထောက်ပဲ တစ် အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ စားတော်ပဲ(ကနေဒါ) တစ်အိတ် လျှင် ငွေကျပ် ၃၃၃၀၀၀ ပေါက် ဈေးရှိသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ဇန်နဝါရီ ၂၅ရက်တွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၄၀၀၀၀၊ နှမ်းဖြူ(ဂျပန်) သုံးတင်းဝင်တစ် အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀၊ နှမ်းဖြူ(ဗမာ) သုံးတင်းဝင် တစ် အိတ်လျှင် ငွေကျပ် ၃၆၀၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀ ပေါက်ဈေး ရှိနေပြီး မြေပဲအနီလုံးဆန် တစ် ပိဿာလျှင် ငွေကျပ် ၁၀၀၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀၀၊ ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၇၄၅၀-၇၅၀၀ အသီး သီးပေါက်ဈေးရှိနေကြောင်း သိရ သည်။

**ရွှေမန်း**



## ရှေးဦးပြုစုခြင်းအခြေခံသင်တန်း ဖွင့်လှစ်



**မန္တလေး ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီသို့ Myanmar International School Yangon(MYSY)မှ ရှေးဦးပြုစုခြင်းအခြေခံ သင်တန်းဖွင့်လှစ်ပို့ချပေးရန် ဆက်သွယ်လာသဖြင့် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးခိုင်နှင့် ရှေးဦးပြုစုခြင်းနည်းပြ ဦးထွန်းအောင်လွင်တို့သည် ဇန်နဝါရီ ၂၄ရက်က ချမ်းအေးသာစံမြို့နယ်၊ မြို့ပတ်လမ်းရှိ Myanmar International School Yangon (MISY) သင်တန်းခန်းမတွင် နိုင်ငံခြားသား ကျောင်းဆရာ၊ ဆရာမများအား ရှေးဦးပြုစုခြင်း အခြေခံဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၄၅)

*-*-*-*-*-*

## အခမ်းအနားမှူးသင်တန်း ဖွင့်လှစ်

**ညောင်ဦး ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခမ်းအနားမှူးသင်တန်းကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမတွင် ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားကို ညောင်ဦးခရိုင် ပညာရေးမှူး ဦးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရည်မွန်သူက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ပြောကြားသည်။

အဆိုပါသင်တန်းကို သုံးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကာ သင်တန်းသား၊ သင်တန်းသူများအား အုပ်စုများခွဲ၍ အခမ်းအနားအစီအစဉ်တစ်ခုရေးဆွဲခြင်း၊ လက်တွေ့လေ့ကျင့်ခြင်း၊ အသံစစ်ဆေးခြင်းနှင့် MC Queen ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများမှ သင်တန်းသား၊ သင်တန်းသူ ၈၀ ဦး တက်ရောက်မည်ဖြစ်ကာ ခရိုင်ပညာရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်ကျော်စိုးနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးတို့က အခမ်းအနားမှူး သင်တန်းအား စာတွေ့၊ လက်တွေ့ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၈၁)

**တံတားနှင့် လမ်း၊ ဆေးခန်းနှင့် ကျောင်း၊**
**ဆည်မြောင်းနှင့် ကန်**
**သစ်ပင်ရုံမှ သဏ္ဌာန်လှပ ပန်းရလိမ့်။**




## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

**ကျွန်းလှ ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်ရှုသည့် အလေ့အကျင့်ရှိစေရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက် ၉နာရီခွဲက ကျွန်းလှမြို့၊ ပိတောက်မြိုင်ရပ်ကွက်၊ မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင့်တင့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဖိုးချိုက ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပစာပေများ ဖတ်ရှုလေ့လာခြင်းဖြင့် အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်ခြင်း၊ လိမ္မာယဉ်ကျေးခြင်း၊ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ခြင်း၊ အသိပညာဗဟုသုတရရှိခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များ၊ အသိပညာပေးနံရံကပ်စာစောင်၊ ဓာတ်ပုံများအား စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာမှတ်သားကြကြောင်း သိရသည်။

(အောက်ပုံ) (၄၈၀)



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## သစ္စာမှန်သူတို့ နှလုံးသား

* ဂန္ဓမာတောင် လျှိုမြောင်ခြေမှ
စိမ့်ကျစမ်းရေ ကမ်းခြေနားမှာ
စန္ဒာစန္ဒီ ကိန္နရီတို့
ရွှင်လို့ပျော်ပွဲ
ပျံ့ဝဲကခုန် နေကြစဉ်။

* ဗြဟ္မဒတ်မင်း တောနင်းရောက်လာ
ကညာဒေဝီ၊ ကိန္နရီအား
စိတ်ထားနုံ့စွာ ကြံစည်ကာပင်
သူ့လင် ကိန္နရာ မြားကိုင်ကာဖြင့်
သေစေအသက် ပစ်ရက်လေတော့သည်။

* ချစ်သူသေဆုံး ယူကျုံးမရ
မျက်ရည်မစဲ ငိုပွဲမဆုံးခင်
ဘုရင်မင်းက ကိန္နရီမအား
မိဖုရားမြှောက် တော်ကောက်ပြောလည်း
ရင်ကွဲမဆုံး မယ့်ရွှေတုံးမှ
လွဲရပါလည်း ဖွဲဆန်ကွဲထင်
အတင်းပင်ငြင်း ချက်ချင်းဆိုကာ
သစ္စာပြုမှ သိကြားမ,ကာ
သက်ရှင်လာတော့သည်။

* ဤတွင်နှစ်ဖြာ ကိန္နရာ ကိန္နရီ
ပျော်ရွှင်ကြည်ကာ ရာသီနှစ်ပေါင်း
ကြာညောင်းသက်ရှည် မှန်ပေသစ္စာ
ရှိရာသူတို့ နှလုံးသားတည်း။ ။

ခင်မောင်(ငါန်းငွှန်)

## ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရန် စာဖတ်ဝိုင်းကျင်းပ

**တောင်တွင်းကြီး ဇန်နဝါရီ ၂၇**

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ငယ်ရွယ်စဉ် ကလေးဘဝမှစတင်၍ စာအုပ်၊ စာပေနှင့် ရင်းနှီးစေရန်၊ စာကြည့်တိုက်များသို့ စဉ်ဆက်မပြတ် ဝင်၊ ထွက်သွားလာတတ်သည့် အလေ့အထများဖြစ်ပေါ်စေရန်၊ စဉ်းစားတွေးခေါ်မှုအားကောင်းစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ယမန်နေ့ မွန်းလွဲ ၁ နာရီက စာရေးဆရာ ဒေါက်တာသူရိန်လှိုင်ဝင်း ရေးသားသည့် "လူရာဝင်ခြင်းမှတ်စုများ" စာအုပ်ဖြင့် စာဖတ်ဝိုင်းကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အသိပညာ၊ အတတ်ပညာများနှင့် ဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး စာဖတ်ဝိုင်းကို ဆက်လက်ကျင်းပရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက "ကိုယ်ဟာဘယ်တော့မှ တစ်ယောက်တည်းမဟုတ်ဘူး"၊ "ရွေးချယ်မှုကအဓိကပါ"၊ "မေတ္တာပေးမှ မေတ္တာပြန်ရလိမ့်မယ်" စသည့် အတွေးအမြင်စာစုများကို ဖတ်ကြားခဲ့ပြီး မိမိတို့ နားလည်သဘောပေါက်သည်များအား ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြသည်။ (ယာပုံ)

အဆိုပါ စာဖတ်ဝိုင်းသို့ မြို့မအခြေခံပညာအလယ်တန်းကျောင်း Grade-7 မှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ပြီး ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**နောင်နောင်(မီသနီးမြေ)**

*-*-*-*-*-*



## အကွက်အမှတ်(ဗ-၁၆)၊ ဦးပိုင်အမှတ်(၄၉-ခ)မြေကွက်ထဲမှ အရှေ့ဘက်ခြမ်း (ပေ ၁၀× ပေ ၃၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၆)၊ ဦးပိုင်အမှတ်(၄၉-ခ)၊ (ပေ ၂၀× ပေ ၃၀) အကျယ်အဝန်းရှိ မြေကွက်မှာ "ဦးဘရင်"အမည်ဖြင့် ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ အရှေ့ဘက်ခြမ်း ပေ(၁၀× ၃၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ထိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် "ဒေါ်ခင်ချိုမွေး(ဘ)ဦးအေးလွင်" (၉/ခမစ(နိုင်)၀၀၃၉၆၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါစရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ယဉ်ယဉ်မေ (LL.B)၊ ဒေါ်ယဉ်ယဉ်ငွေ (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**၅၇လမ်းနှင့်(၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➢ ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၅၅)၊ ဦးပိုင်အမှတ်(၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ကေအကျယ်အဝန်းရှိ မြေကွက်မှာ "ဦးဆန်းတင်"အမည်ဖြင့် ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေကွက်ချထားပေးခြင်းခံရသူ "ဦးဆန်းတင်"နှင့် ဇနီးတို့ ကွယ်လွန်၍ အမွေဆက်ခံသား၊ သမီးများဖြစ်ကြသော ၁။ ကွယ်လွန်သူ (ဦးသောင်းကြည်)၏ဇနီး "ဒေါ်ခင်ဝင်း"၊ ၂။ ဦးဝင်းမောင်၊ ၃။ ဒေါ်ဝင်းမြင့်၊ ၄။ ဦးသိန်းငွေ၊ ၅။ ဒေါ်မြမြသိန်း၊ ၆။ ကွယ်လွန်သူ (ဦးထွန်းလင်း)၏ဇနီး ဒေါ်သန်းငွေ၊ ၇။ ဒေါ်စန်းစန်းဝင်း၊ ၈။ ဒေါ်သန်းသန်းဝင်းနှင့် ၉။ ဒေါ်ခင်နှင်းဝေတို့သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ပြီး မြေကွက်၏ တောင်ဘက်ခြမ်းပေ(၃၀× ၄၀)အကျယ်အဝန်းရှိ မြေကွက်ကို အရှုပ်အရှင်းကင်းစွာဖြင့် လွှဲပြောင်းရောင်းချလိုကြောင်း ဝန်ခံကတိပြုသဖြင့် ၄င်းတို့၏ကိုယ်စား စရန်ငွေလက်ခံယူသူများဖြစ်ကြသော ဒေါ်ဝင်းမြင့်(၉/မနတ(နိုင်)၀၂၉၃၉၆)နှင့် ဦးသိန်းငွေ(၉/မနတ(နိုင်)၀၂၉၄၀၀) ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါစရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ယဉ်ယဉ်မေ (LL.B)၊ ဒေါ်ယဉ်ယဉ်ငွေ (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**၅၇လမ်းနှင့်(၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➢ ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၀)၊ ဦးပိုင်အမှတ်(၂၁)နေထိုင်သူ ကျွန်မ ဒေါ်အေးသန်း(ဘ)ဦးချစ်ဆိုင်(၉/ပသက(နိုင်)၀၁၃၉၄၂)မှ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်မ၏သားဖြစ်သူ မောင်ဝင်းဇိုလ်(ဘ)ဦးပွထီး(၉/ပကခ(နိုင်)၀၂၃၅၃၅)ကိုင်ဆောင်သူသည် ကျွန်မနေထိုင်ရာ နေအိမ်သို့ မကြာခဏလာရောက်ပြီး ပြဿနာအမျိုးမျိုးရှာ၍ မိဘဖြစ်သူကို စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်စေရန် နည်းအမျိုးမျိုးပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ယခုကျွန်မနေထိုင်သော နေအိမ်နှင့် လုံးဝမသက်ဆိုင်ပါကြောင်းနှင့် မောင်ဝင်းဇိုလ်နှင့် ဆက်ဆိုင်(ပတ်သက်သော)လူမှုရေး၊ စီးပွားရေး၊ ငွေရေးကြေးရေးစသည့် ကိစ္စအဝဝတို့သည် ကျွန်မဒေါ်အေးသန်းနှင့် လုံးဝ(လုံးဝ)မသက်ဆိုင်ပါကြောင်း၊ မောင်ဝင်းဇိုလ်နှင့် သက်ဆိုင်သည့် မည်သည့်ပြဿနာကိစ္စအရပ်ရပ်မျှ လိုက်လံ၍ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်းနှင့် သားအဖြစ်မှလည်း ရာသက်ပန်အမွေပြတ်စွန့်လွှတ်ကြောင်း မိတ်ဆွေအပေါင်းအသင်းများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မှတ်ချက်။ ။ မောင်ဝင်းဇိုလ်နှင့် ပတ်သက်၍ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။**

**ဒေါ်အေးသန်း(ဘ)ဦးချစ်ဆိုင်**

**၉/ပသက(နိုင်)၀၁၃၉၄၂**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်အမှတ်(၅၀၄)၊ ဦးပိုင်အမှတ်(၃၁)၊ မြေကွက်ပေါ်တွင် ဒေါ်သီတာဦး နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/မရတ(နိုင်)၀၂၃၇၂၅)က RC(၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်အမှတ်(၄၉၉)၊ ဦးပိုင်အမှတ်(၉၈-ခ+ ၉၉-က)၊ မြေကွက်ပေါ်တွင် ဒေါ်မာလာစန်း(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရတ(နိုင်)၀၈၀၇၉၉)က RC(၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဂဂ-၂)၊ ဦးပိုင်အမှတ်(၆၆)၊ မြေကွက်ပေါ်တွင် ဒေါ်မြမြစန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၅/ဟမလ(နိုင်)၀၈၆၀၄၇)က SS(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၄)၊ ဦးပိုင်အမှတ်(၈)၊ မြေကွက်ပေါ်တွင် ဒေါ်သင်းသင်းယု နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၁၃/မတတ(နိုင်)၀၁၁၅၈၂)က RC(၄)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓေ-၄၆)၊ ဦးပိုင်နံပါတ်(၅၉)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးအောင်ကျော်ဆန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဝေအောင်(ဘ)ဦးအောင်ငြိမ်း(၉/ခမစ(နိုင်)၀၉၁၂၂၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၃၇)ဦးပိုင်အမှတ်(၈၇)၊ မြေဧရိယာ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဦးစိန်မင်း အမည်ဖြင့် ချထားပေးသော မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း ပေ(၂၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဦးကျော်ငွေလှိုင်(ဘ)ဦးဘမို(၉/မရတ(နိုင်)၁၁၅၃၀၀)မှ ကျွန်ုပ်၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေများမှလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်သီရိ (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၁လမ်းနှင့် ၅၂လမ်းကြား၊ ၁၁၄(ဘီ)လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။**

**ဖုန်း ၀၉-၇၉၈၇၁၆၄၆၈၊ ၀၉-၄၀၇၂၇၀၀၅၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ဟသ်ာရပ်ကွက်၊ အကွက်အမှတ်(၆၁၈)၊ ဦးပိုင်အမှတ်(၃၀/၁၁၈(က))အတွင်းရှိ (၀ ဒသမ ၃၅)ဧကအတွင်းမှ တောင်ဘက်ခြမ်း (၀ ဒသမ ၂၃)ဧက၊ ပေအားဖြင့် အရှေ့ဘက်(၉၆)ပေ၊ အနောက်ဘက်(၅၆)ပေ၊ တောင်ဘက် ပေ(၁၃၀)၊ မြောက်ဘက် ပေ(၁၄၀) အကျယ်အဝန်းရှိသော မြေကွက်ဖြစ်ပါသည်။

အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ရူကီလာ(ဘ)ဦးကမာ(၉/အမရ(နိုင်)၀၅၂၈၃၁)အနေဖြင့် အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးရဲသူရ (LL.B) တရားလွှတ်တော်ရှေ့နေ**

**ငယ်တိုးရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၁၆၆၀၅၆၀၊ ၀၉-၉၆၉၁၇၈၆၇၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၅)၊ ဦးပိုင်အမှတ်(၆၀-က)၊ ဧရိယာ ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးမြင့်အေး(ဘ)ဦးထွန်းလင်း(WMDY-၃၄၇၉၈၂) အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သီတာချို(ဘ)ဦးထွန်း(၉/ခမစ(နိုင်)၀၃၅၀၁၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | | |
|---|---|---|
| **ဦးသန်းရွှေ** | **ဦးအောင်ဖြိုးမောင်** | **ဒေါ်နန်းဖြူဖြူအေး** |
| **B.A (Hist), H.G.P** | **LL.B** | **B.Sc . PGDL** |

**(အထက်တန်းရှေ့နေများ)**

**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၁-၂၀၂၆ ရက် မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ ၂၁ တွင် အိမ်ဆောက်မိန့်ကြော်ငြာရာတွင် **ဦးစိုးမင်းထွန်း** အမည်အစား **ဦးစိုးထွန်းမင်း**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၆)၊ ဦးပိုင်နံပါတ်(၁၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ တကက မျိုးသိန်း အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်မျိုးလွင် (ဘ)ဦးခင်မောင်ဝင်း(၅/ရဘန(နိုင်)၁၆၇၆၉၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဦးကြည်ယံ (LL.M)** အထက်တန်းရှေ့နေ
**ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်သဲမို့မို့ထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၄၃)၊ ဦးပိုင်နံပါတ်(၁၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဒေါ်ခင်မြင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀×၄၀)ထဲမှ မြောက်ဘက်ပိုင်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအေးမင်း (ဘ)ဦးလှရွှေ(၉/ကဆန(နိုင်)၀၀၂၇၁၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၇)၊ ဦးပိုင်နံပါတ်(၂၀၅)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဒေါ်တင်ချစ် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မိထားမြင့် (ဘ)ဦးညွန့်(၁၀/ပမန(နိုင်)၀၁၃၄၈၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၁)၊ ဦးပိုင်နံပါတ်(၁၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးဖိုးနီ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေနေရာချထားပေးခြင်းခံခဲ့ရသူ (ခင်ပွန်း) ဦးဖိုးနီ ကွယ်လွန်သွားသဖြင့် လက်ရှိအမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ (ဇနီး) ဒေါ်ဝင်းလှ (ဘ)ဦးကြီးငွေ(၉/မနမ(နိုင်)၀၄၃၈၆၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အကွက်အမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(၆၂၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ အကွက်အမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(၆၂၃)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်စန်း အမည်ဖြင့်ချထားပေးခြင်းခံခဲ့ရသည့် (စလစ်)မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဦးမျိုးသူရဟာန်(ခ)ဦးမျိုးမင်းဟာန် (ဘ)ဦးဟာန်သိန်း(၁၃/တကန(နိုင်)၀၈၃၇၁၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တချို့တစ်ဝက်ကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်မေ(LL.B)၊ ဒေါ်ယဉ်ယဉ်ငွေ(LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၇)၊ ဦးပိုင်နံပါတ်(၂၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဒေါ်တင်စိန် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်မျိုးထွန်း (ဘ)ဦးသိန်းဦး(၇/အဖန(နိုင်)၀၆၅၆၂၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

### ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဥပုတ္တော်ရပ်ကွက်၊ အကွက်(၄၁၆-ဃ)၊ ဦးပိုင်အမှတ်(၄၄-ခ/၁/၄၄-စ/၃) မြေကွက်ပေါ်တွင် ဒေါ်သီတာလှိုင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနတ(နိုင်)၀၆၈၅၄၉)က SS (၃)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်(၁၇၁)၊ ဦးပိုင်အမှတ်(၂၁၊ ၂၂-က၊ ၂၂-ဃ၊ ၂၃-ဃ) မြေကွက်ပေါ်တွင် ဦးခင်စိုး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၁၀၂၃၄၃)က မြေအောက်ထပ်+ RC (၄)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်(၄၁၇/၄၄)၊ ဦးပိုင်အမှတ်(၄) မြေကွက်ပေါ်တွင် ဒေါ်ဝင်းဝင်းသန်း(ပါ-၃) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၀၅၇၃၆၄)က RC (၂)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ (အိမ်ဖျက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၁၇/၄၄)၊ ဦးပိုင်အမှတ်(၄) မြေကွက်ပေါ်တွင် ဒေါ်ဝင်းဝင်းသန်း(ပါ-၃) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၀၅၇၃၆၄)က နံကပ် (၂)ထပ်ဖျက် အဆောက်အအုံ ဖျက်သိမ်းခွင့်(အိမ်ဖျက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**အဆောက်အအုံနှင့် ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်(၁၄၉)၊ ဦးပိုင်အမှတ်(၁၀) မြေကွက်ပေါ်တွင် ဒေါ်ဒန်းမာယာ(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မကန(နိုင်)၀၆၇၃၄၃)က RC (၄)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၁၀)၊ ဦးပိုင်အမှတ်(၇၅) မြေကွက်ပေါ်တွင် ဦးကျော်ကျော်ဝင်း(ခ)ရန်ကွေ့ယုံ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/တယန(နိုင်)၀၀၀၃၀၅)က မြေအောက်ထပ်+ RC (၇)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁၁)၊ ဦးပိုင်အမှတ်(၈၄) မြေကွက်ပေါ်တွင် ဒေါ်ရင်ရင်ဆွေ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ကလန(နိုင်)၀၃၄၁၃၆)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

❖ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဆိုသည့်အတိုင်း ပညာသင်ကြားမှုအဆင့်အလိုက် တစ်ဦးချင်း၏စိတ်ဓာတ်နှင့်စည်းကမ်းကောင်းမွန်မှုများ ကွာခြားသွားကြ ...

❖ ထို့ကြောင့် ကျောင်းနေရာခိုင်နှုန်းများကောင်းမွန်ပြီး တန်းစဉ်ကူးပြောင်းမှုများကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို ...

❖ ပညာရေးကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ် ....

( နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ပြုလုပ်သော အောင်လံမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## နီပါး၏ဗိုင်းရပ်စ်ရောဂါနှင့်ပတ်သက်၍ ခရီးသွားပြည်သူများအား အသိပေးချက်

မြန်မာနိုင်ငံတွင် ယနေ့အချိန်အထိ နီပါး၏ဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုများကို တွေ့ရှိရခြင်းမရှိသေးသော်လည်း မူလလက်ခံကောင် လင်းနို့မျိုးစိတ်ဖြစ်သည့် သစ်သီးစားလင်းနို့/လင်းဆွဲများ ပေါများစွာတည်ရှိရာဒေသဖြစ်ပြီး ကူးစက်မှုများမကြာခဏဖြစ်ပွားလေ့ရှိသည့် ဒေသတွင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့်အတွက် နီပါး၏ဗိုင်းရပ်စ်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိရာ မိဘပြည်သူများအနေဖြင့် -

- နီပါး၏ဗိုင်းရပ်စ်ရောဂါ လတ်တလောဖြစ်ပွားနေသည့်ဒေသများ (ဥပမာ- အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ် – India, West Bengal State)သို့ မလိုအပ်ဘဲခရီးမသွားရန်၊
- လတ်တလောရောဂါဖြစ်ပွားရာ ဒေသများသို့ ရောက်ရှိနေသူများသည် ရောဂါဖြစ်ပွားရာဒေသများရှိ ဆေးရုံများ သို့မဟုတ် ဖျားနာသူများပြားသည့်နေရာများသို့ မလိုအပ်ဘဲ သွားရောက်ခြင်းမပြုရန်၊
- လတ်တလောရောဂါဖြစ်ပွားရာဒေသများသို့ ခရီးသွားခဲ့ပြီး မိမိနိုင်ငံသို့ပြန်လာစဉ်တွင် သံသယရောဂါများဖြစ်သည့် ပြင်းထန်စွာဖျားခြင်းနှင့် ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်းနှင့် အသက်ရှူရခက်ခဲခြင်း၊ စိတ်ရှုပ်ထွေးခြင်း သို့မဟုတ် အိပ်ငိုက်ခြင်းတို့ခံစားရပါက လေဆိပ်ကျန်းမာရေးဌာန သို့မဟုတ် နယ်စပ်ဝင်/ထွက်ပေါက်များရှိ တာဝန်ကျကျန်းမာရေးဝန်ထမ်းများထံ မပျက်မကွက် သတင်းပို့ရန်၊

*စာမျက်နှာ ၈ သို့* ❖



## စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ပြီး ရှပ်ရှပ်ချွံချွံ တိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရ ရွှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပြည်သူများအား နှိပ်စက်ညှဉ်းပန်း၍ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ချွတ်ခြုံကျစေသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သောလက်နက်ကိုင်အကြမ်းဖက်အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား ရှပ်ရှပ်ချွံချွံ တိုက်ပွဲဝင်၍ အောင်ပွဲအလီလီ ရယူနိုင်ခဲ့သော ရွှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် လင်းနိုင်စိုးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၈ သို့* ❐

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ရောဝတီအသင်းက ရှမ်းအသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

**ရန်ကုန် ဇန်နဝါရီ ၂၇**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်အဖြစ် ရောဝတီအသင်းနှင့် ရှမ်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရောဝတီအသင်းက ရှမ်းအသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရောဝတီအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၃မိနစ်တွင် ဖြူဖြူဝင်း၊ ပွဲချိန် ၃၄မိနစ်တွင် စန်းသော်သော်၊ ပွဲချိန် ၈၉မိနစ်တွင် ဂျိန်းယူဘီတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ရောဝတီအသင်းနှင့် ရှမ်းအသင်းတို့ ပွဲစဉ်တွင် AYA Pay Woman of the Match အကောင်းဆုံးကစားသမားဆုကို ရောဝတီအသင်း ကွင်းလယ်လူ ဖြူဖြူဝင်းက ဆွတ်ခူးခဲ့သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၅) အထိ ယှဉ်ပြိုင်ကစားအပြီးတွင် ရောဝတီအသင်းက ရမှတ် ၃၉ မှတ်ဖြင့် အမှတ်ပေးဇယားအား ဦးဆောင်နိုင်ခဲ့သည်။

**(NGB)**





## ဒရီဖာနန်ဒက်ဇ်အား ပီအက်စ်ဂျီအသင်း ခေါ်ယူ

**ပါရီ ဇန်နဝါရီ ၂၇**

ပြင်သစ်လီဂူးကလပ် ပီအက်စ်ဂျီအသင်းသည် ဘာစီလိုနာအသင်း အကယ်ဒမီထွက် ကွင်းလယ်ကစားသမား ဒရီဖာနန်ဒက်ဇ်အား ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ပီအက်စ်ဂျီအသင်းနှင့် အတူ ၂၀၃၀ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား ဒရီဖာနန်ဒက်ဇ်သည် ယခုနှစ်ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းကြီးနှင့်အတူ ပြိုင်ပွဲစုံငါးပွဲကစား ပြီး ခြေစွမ်းပြထားသလို၊ အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် ပီအက်စ်ဂျီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းထုတ်ပြန်ချက်တွင် "ဒရီဖာနန်ဒက်ဇ်အား ခေါ်ယူခဲ့ပါပြီ။ သူဟာ တစ်ချိန်မှာ ထွန်းတောက်လာမယ့် ကစားသမားတစ်ဦးဖြစ်လာလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားမှာပါ"ဟု ထုတ်ပြန်သည်။

**(NGB)**

၀-၀-၀-၀